# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊ ဒီဇင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၈၅)၊ ၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်၊ ၁၅-၉-၂၀၂၄၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုများကြောင့် ပျက်စီးမှုများနှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်၊ ရေကြီးရေလျှံခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့်အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၄

နေပြည်တော်ကောင်စီနယ်မြေ အတွင်း ရေကြီးရေလျှံမှုများကြောင့် ပျက်စီးမှုများနှင့် ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၂၄ သို့



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပျဉ်းမနားမြို့နယ် နတ်သူရဲကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၌ ရောက်ရှိနေသည့် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၁၄

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာအညွှန်း


မန္တလေးမြို့ခံအသင်းအဖွဲ့များနှင့် ပြည်သူများ၏ ရေဘေးသင့်ဒေသများသို့ ကူညီကယ်ဆယ်ရေးလှုပ်ရှားနေမှုများ

စာမျက်နှာ ၁၆

ကစီဓာတ်နည်းသော အစားအစာစားသုံးလျှင် အခြားအာဟာရများ ပြည့်မီလာမည်ဟု မျှော်လင့်ရ

စာမျက်နှာ ၁၈



ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ( ၁၅ ) ရက်သာ လိုတော့သည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၁၅ ရက် ၊ တနင်္ဂနွေနေ့ ။

# မန္တလေး နေ့စဉ်

## သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရေး ဆောင်ရွက်လျက်ရှိ

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ပြည်လုံးကျွတ်အဆင့် ကောက်ယူသွားမည်ဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူရန် ရက်အားဖြင့် ၁၅ ရက်သာလိုမည်ဖြစ်သည်။

ရေဝတီတိုင်းဒေသကြီးအနေဖြင့် ကောက်ကွက်ပေါင်း ၁၄၀၀၀ ကျော်ဖြင့်ဖွဲ့စည်း၍ စာရင်းစစ်၊ စာရင်းကောက် ၅၄၀၀ ကျော်ဖြင့် ကောက်ယူရန်လျာထားကြောင်း၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို အိမ်ထောင်စုမေးခွန်းပုံစံအတွက် မေးခွန်း ၆၈ ခု၊ အဖွဲ့အစည်း မေးခွန်းပုံစံအတွက် မေးခွန်း ၁၈ ခုဖြင့် တစ်အိမ်တက်ဆင်း ကောက်ယူမည်ဖြစ်ရာ ပြည်သူများအနေဖြင့် မေးခွန်းများကို မှန်မှန်ကန်ကန်ဖြေကြားခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်အသိပေးရှင်းလင်းချပြထားရန်လိုအပ်ကြောင်း၊ သန်းခေါင်စာရင်း ကောက်ယူခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေကို သိရှိနားလည်ထားကြရန်လည်း လိုအပ်ကြောင်း၊ သန်းခေါင်စာရင်းမှရရှိသော ကိန်းဂဏန်းအချက်အလက်များသည် နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့် စီမံကိန်းများရေးဆွဲချမှတ်ရာတွင် အသုံးပြုဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် အချက်အလက်မှန်ကန်ရေးသည် အဓိကကျပါကြောင်း၊ ထို့ပြင် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရာတွင်လည်း မြေပြင်ကွင်းဆင်းကောက်ယူရရှိသည့် စာရင်းအချက်အလက်များနှင့် တိုက်ဆိုင်၍ နှိုင်းယှဉ်သုံးသပ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းသည် ပြည်သူအားလုံး ပူးပေါင်းပါဝင်မှသာ အောင်မြင်နိုင်မည့် အမျိုးသားရေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်နှင့်အညီ အားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြ ရန်လိုကြောင်း ဗဟိုသန်းခေါင်စာရင်း ကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က စက်တင်ဘာ ၁၂ရက် မွန်းလွဲ ၁ နာရီတွင် ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ တွေ့ဆုံပွဲ၌ပြောကြားခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ရေဝတီတိုင်းဒေသကြီးအတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအောင်မြင်စွာ ကောက်ယူရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကွင်းဆင်းကောက်ယူဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ တိကျမှန်ကန်သော လူဦးရေကိန်းဂဏန်းအချက်အလက်များရရှိစေရေးအတွက် အလွန်အရေးကြီးသည့်လုပ်ငန်းစဉ်ဖြစ်ပြီး သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း အောင်မြင်စွာကောက်ယူနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စာရင်းစစ်၊ စာရင်းကောက်များဖွဲ့စည်းမှု၊ ပြည်သူအသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများက ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## သရက်ကုန်းငါးလုပ်ငန်းစခန်းမှ ငါးသယံဇာတများပေါများစေရေးအတွက် ငါးသားပေါက်ကောင်ရေ ၂၄ သိန်း စိုက်ထည့်ပေးနိုင်



**မန္တလေး စက်တင်ဘာ ၁၄**

ယခုဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေသကြီး၌ ငါးသယံဇာတများ ရေရှည်ထိန်းသိမ်းနိုင်စေရေးနှင့် ပေါများစေရေးအတွက် သရက်ကုန်း ငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ၂၄ သိန်းကို စိုက်ထည့်ပေးနိုင်ခဲ့ကြောင်း အဆိုပါ ငါးလုပ်ငန်းစခန်းမှ သိရသည်။

အဆိုပါ ငါးသားပေါက်များကို တိုင်းဒေသကြီးအတွင်း ငါးလုပ်ငန်းစခန်းများမှ ခွဲတမ်းကြ ယခုဘဏ္ဍာအတွင်း စိုက်ထည့်ပေးနေကြောင်း၊ မန္တလေးတိုင်းဒေသကြီး၊ သရက်ကုန်း ငါးလုပ်ငန်းစခန်းအနေဖြင့် ငါးသားပေါက်ကောင်ရေ ၂၄ သိန်းလျာထားပြီး မျိုးစိုက်ထည့်ပေးခဲ့ရာ ယခုအချိန်တွင် နှစ်လက်မအရွယ် ငါးသားပေါက်အကောင်ရေ ၂၄ သိန်း ကို ငါးမျိုးစိုက်ထည့်ပေးနိုင်ခဲ့ကြောင်း၊ ထိုသို့ စိုက်ထည့်နိုင်ခြင်းကြောင့် ငါးသယံဇာတများ ပေါများစေမည်ဖြစ်ကြောင်း သရက်ကုန်း ငါးလုပ်ငန်းစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

"တိုင်းဒေသကြီးအတွင်း ငါးလုပ်ငန်းစခန်းတွေအနေနဲ့ ယခုဘဏ္ဍာနှစ်အတွင်းမှာ စခန်းအလိုက် ခွဲတမ်းကြငါးမျိုးများကို စိုက်ထည့်ပေးပါတယ်။ သရက်ကုန်းငါးလုပ်ငန်းစခန်းအနေနဲ့ ယခုဘဏ္ဍာနှစ်မှာ လျာထားချက် ငါးသားပေါက်ကောင်ရေ ၂၄ သိန်းကို စိုက်ထည့်ပေးနိုင်ခဲ့ပါတယ်။ ခုလိုငါးမျိုးတွေကို မြစ်၊ ချောင်း၊ အင်းအိုင်၊ ဆည်၊ တမံနဲ့ ရေလျှံကွင်းတွေမှာ စိုက်ထည့်ပေးခြင်းကြောင့် ငါးသယံဇာတတွေ စဉ်ဆက်မပြတ် ရေရှည်ထိန်းသိမ်းနိုင်စေပြီး ပေါများစေဖို့အတွက်ပါ။ ပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်းနဲ့ ဝင်ငွေတွေရရှိစေဖို့ပါ။ ငါးမျိုးကောင်းမျိုးသန့်များ ရေရှည်တည်တံ့ပြန့်ပွားစေရေး၊ ငါးရိက္ခာများ ရေရှည်စားသုံးနိုင်စေရေးနဲ့ သားငါးပေါများစေရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ငါးလုပ်ငန်းဦးစီးဌာနကနေ ငါးသားပေါက်တွေကို နှစ်စဉ်စိုက်ထည့်ပေးပြီး မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး လွှတ်ပေးနေတာပါ" ဟု ၄င်းကရှင်းပြသည်။

အဆိုပါ နှစ်လက်မအရွယ် ငါးများကို သရက်ကုန်းငါးလုပ်ငန်းစခန်းမှ ယခုဘဏ္ဍာနှစ်အတွင်း လျာထားချက် ငါးမျိုးကောင်ရေ ၂၄ သိန်းကို စိုက်ထည့်ပေးနိုင်ခဲ့ကြောင်း၊ မျိုးစိုက်ထည့်ပေးနိုင်ခဲ့သည့် ငါးမျိုးများမှာ ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်းနှင့် ငါးခုံးမကြီးငါးမျိုးတို့ကို တိုင်းဒေသကြီးအတွင်း မြို့နယ်အလိုက် ဧရာဝတီမြစ်အတွင်းသို့ မျိုးစိုက်ထည့်ပေးနိုင်ခဲ့ကြောင်း၊ ထိုသို့ စိုက်ထည့်ပေးခြင်းကြောင့် ငါးသယံဇာတများ ရေရှည်ထိန်းသိမ်းနိုင်စေပြီး ပေါများလာမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(ဝ၇၃)**

## သန်းခေါင်စာရင်း လက်တွေ့ကွင်းဆင်းကောက်ယူ



**မန္တလေး စက်တင်ဘာ ၁၄**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး ခရိုင်အဆင့် နည်းပြသင်တန်းကို ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ သင်တန်းသားများသည် စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ အိုးဘိုရွှေကျင်ရပ်ကွက်အတွင်း လက်တွေ့ကွင်းဆင်း ကောက်ယူကြသည်။

အဆိုပါသင်တန်းတွင် သင်တန်းနည်းပြများက သင်တန်းကာလ ၁၀ ရက်အတွင်း စာတွေ့လက်တွေ့သင်ကြားပြသပေးကြပြီး လက်တွေ့သင်ခန်းစာအဖြစ် သန်းခေါင်စာရင်း လက်တွေ့ကွင်းဆင်းကောက်ယူခြင်းကို သင်တန်းသားတစ်ဦးလျှင် သုံးအိမ်နှုန်းဖြင့် သင်တန်းသား (၂၇)ဦးက အိမ်ထောင်စု (၈၁)စုကို အဆိုပါ ရပ်ကွက်အတွင်း ကွင်းဆင်း၍ စာရင်းကောက်ယူကြကာ သင်တန်းခန်းမတွင် အားနည်းချက်၊အားသာချက်များကို ပြန်လည်သုံးသပ်ကြမည်ဖြစ်သည်။

ထိုသို့ ကွင်းဆင်း ကောက်ယူကြရာသို့ ခရိုင်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေ၊ ကော်မတီအတွင်းရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းအောင်နှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးကာ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည်။

တိုင်းဒေသကြီးအတွင်းရှိ ခရိုင်အသီးသီးမှ သင်တန်းသား၊ သင်တန်းသူ(၂၇)ဦးတက်ရောက်လျက်ရှိပြီး ဆင့်ပွားသင်တန်းများ ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ဝ၉၃)**

## မြစ်ငယ်တွင် ဒုဋ္ဌဝတီမြစ်ရေသည် စိုးရိမ်ရေအမှတ်အထက် ၃ ပေခွဲကျော်သို့ ရောက်ရှိနေ

**မန္တလေး စက်တင်ဘာ ၁၄**

ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်ဆိပ်ကမ်းတွင် စိုးရိမ်ရေအမှတ်မှာ ၂၈ ဒသမ ၅၄ ပေ ယနေ့ညနေ ၆ နာရီခွဲအချိန် မိုးလေဝသနှင့် ဇလဗေဒမှ တိုင်းထွာချက်များအရ ယင်းမြို့၏ စိုးရိမ်ရေအမှတ် အထက် ၃ ပေခွဲကျော်(၃၂ ဒသမ ၁၅ ပေ)သို့ ရောက်ရှိနေသည်။

အဆိုပါ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်ဆိပ်ကမ်းနှင့် ရွှေစာရံဆိပ်ကမ်းတို့တွင် စက်တင်ဘာ ၁၃ ရက်မှစတင်၍ ယင်းဆိပ်ကမ်းများ၏ စိုးရိမ်ရေအမှတ်များအထက် ကျော်လွန်ခဲ့ပြီး စက်တင်ဘာ ၁၄ ရက်တွင် ရွှေစာရံဆိပ်ကမ်း၌ စိုးရိမ်ရေအမှတ်အောက်သို့ ကျဆင်းသွားပြီဖြစ်ကြောင်း မိုး/ဇလတာဝန်ရှိသူက ပြောသည်။

"ရှမ်းပြည်နယ်မြောက်ပိုင်း တောင်ပေါ်ဒေသတွေမှာ မိုးရွာသွန်းမှုဖြစ်စဉ်များနဲ့ တောင်ကျရေများစီးဆင်းလာရာက အောက်ဘက်ဒုဋ္ဌဝတီမြစ်ဘေးက မြစ်ငယ်ဆိပ်ကမ်းနှင့် ရွှေစာရံဆိပ်ကမ်းမှာ စိုးရိမ်ရေအမှတ်များအထက် ကျော်လွန်ခဲ့တယ်။ နောက်ရက်တွေမှာတော့ လက်ရှိထက် ကျဆင်းသွားနိုင်တယ်" ဟု ၄င်းကပြောသည်။

စက်တင်ဘာ ၁၂ ရက်က မြစ်ငယ်ဆိပ်ကမ်းတွင် ၂၄ ဒသမ ၇၇ပေနှင့် ရွှေစာရံဆိပ်ကမ်းတွင် ၂၆ ဒသမ ၄၄ ပေရှိရာက ၁၃ ရက်တွင် မြစ်ငယ်ဆိပ်ကမ်း(စိုးရိမ်ရေအမှတ် ၂၈ ဒသမ ၅၄ပေ)၌ ၃၁ ဒသမ ၆၃ ပေနှင့် ရွှေစာရံဆိပ်ကမ်း(စိုးရိမ်ရေအမှတ် ၃၄ ဒသမ ၄၅ ပေ)တွင် ၃၁ ဒသမ ၅၆ ပေသို့ ရောက်ရှိခဲ့ရာ ယင်းဆိပ်ကမ်းများ၏ စိုးရိမ်ရေအမှတ်များအထက် စတင်ကျော်လွန်ခဲ့သည်ဟုဆိုကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

ဝ-ဝ-ဝ-ဝ-ဝ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(ဝ၁ဝ၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက်
ပုံနှိပ်ထုတ်ဝေခွင့် (ဝ၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ဝ၂-၂၈၄၇၃၉၈၊ ဝ၂-၂၈၃၂၀ဝ၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-ဝ၂-၄ဝ၆၉၉၆၂၊
၂၆လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တပ်ကုန်းမြို့ရှိ ချမ်းမြေ့မြိုင်ရိပ်သာ ကျောင်းတိုက်၌ရောက်ရှိနေသော ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။

○ စာမျက်နှာ ၂၄ မှ

သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့်ကို စီမံချက်နှင့်အညီဖွဲ့စည်းလျက် အောင်မြင်စွာ စီမံကျော်လွှားဆောင်ရွက်နိုင်ခဲ့မှုကြောင့် အဆိုပါအတွေ့အကြုံအရလည်း ယခုဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်ကိုလည်း ဆက်လက်၍ အောင်မြင်စွာ ကျော်လွှားနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုဆိုင်ကလုန်းမုန်တိုင်းရာဂီ၏ အရှိန်ကြောင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း သာမကရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကျန်ပြည်နယ်အချို့နေရာတို့တွင်လည်း ရေကြီးရေလျှံမှု၊ တောင်ပြိုမှုများရှိပြီး အဆိုပါ ဖြစ်ပေါ်မှုများကိုလည်း သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီများက စီမံချက်နှင့်အညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

**စနစ်တကျလှူဒါန်းနိုင်ရေး**

နေပြည်တော်ကောင်စီနယ်မြေအတွင်း၌လည်း ရေဘေးသင့်ပြည်သူများကို အချို့သောအလှူရှင်များက တစ်နိုင်တစ်ပိုင် မိမိအစီအစဉ်ဖြင့် လာရောက်လှူဒါန်းမှု ပြုသည်ကိုလည်း တွေ့မြင်ကြားသိရ၍ ဝမ်းသာပါကြောင်း၊ အကြံပြုလိုသည်မှာ မိမိတို့တွင်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ (Disaster Management Committee) ဖွဲ့စည်းထားရှိပြီး ၂၄ နာရီအရေးပေါ်ရုံးဖွင့်လှစ်ထားပြီးဖြစ်၍ မည်သည့်အလှူရှင်ကဖြစ်စေ မိမိတို့လှူဒါန်းလိုမှုအား ပိုမိုစနစ်တကျဖြစ်စေရေး၊ အညီအမျှ အကူအညီရရှိစေရေး စိတ်ဆန္ဒရှိသည့်နေရာ (သို့မဟုတ်) အများပြည်သူအတွက် စသည့်ခေါင်းစဉ်ဖြင့် DMC သို့ အကြောင်းကြားလာပါက အဆိုပါ ၂၄ နာရီ ဖွင့်လှစ်ထားသည့် DMC ကော်မတီက လိုအပ်သည့်ကယ်ဆယ်ရေးစခန်း(သို့မဟုတ်) စိတ်ဆန္ဒရှိသည့် ကယ်ဆယ်ရေး စခန်းများသို့ လမ်းညွှန်လျက် စနစ်တကျလှူဒါန်းနိုင်ရေး ဆောင်ရွက်ပါက ပိုမိုထိရောက် တွင်ကျယ်ပါကြောင်း၊ ဝိုင်းဝန်းဆောင်ရွက်စေလိုကြောင်း၊ကောလာဟလသတင်းနှင့်ပတ်သက်၍လည်း ယခုဖြစ်စဉ်မှာ တစ်ညအတွင်း မိုးရေချိန် ၁၁ လက်မခန့် ရွာသွန်းခဲ့မှုကြောင့် ဖြစ်ပေါ်ခဲ့မှုအပေါ် ဆည်တမံများ ကျိုးပေါက်ခြင်း၊ ဆည်တမံများမှ ရေအလုံးအရင်း ဖောက်ထုတ်ခြင်းကြောင့် ရေကြီးရေလျှံမှုဖြစ်သည့် အပြင် ထပ်မံ၍လည်း ဖြစ်ပေါ်လာနိုင်၍ မိမိတို့နေရာမှ အမြန်ရွှေ့ပြောင်းကြရေး တရားမဝင်ပြည်ဖျက်မီဒီယာများ၊ဖုန်းသတိပေးချက်များ ဖြစ်ပေါ်မှုမှလည်း ဒေသခံပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်စေခြင်း၊ စိုးရိမ်ပူပန်မှုမြင့်တက်ခြင်းများ ဖြစ်ပေါ်သည်ကိုကြားသိရပါကြောင်း၊ဆည်တမံနှင့်ပတ်သက်၍ နေ့စဉ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ရေဝင်ရောက်မှု၊ စိုးရိမ်ရမှု၊ မစိုးရိမ်ရမှုများကို နေ့စဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြစေလျက်ရှိကြောင်း၊ နေပြည်တော်ကောင်စီအတွင်း ဆည်ပေါင်း ၁၂ ခုနှင့် ရေလှောင်တမံ ၁၂ ခုရှိရာ ဆည်၊ တမံများအခြေအနေမှာ စိုးရိမ်ရသည့် အနေအထားမရှိပါကြောင်း၊ နေ့စဉ်တာဝန်ရှိသူများက ဆည်တမံများ ကြံ့ခိုင်မှုများကို စစ်ဆေးလျက် နီးစပ်ရာ ကြီးကြပ်ရေးတာဝန်ခံများက ကယ်ဆယ်ရေးစခန်းအလိုက် အသိပေးကြရန်လိုကြောင်း၊ ထို့အပြင် ကယ်ဆယ်ရေးစခန်းအလိုက် အချို့စခန်းများ၌ အလှူရှင်များနှင့် နီးစပ်ရာကျေးရွာများမှ နေ့စဉ် ဆန်နှင့် ရိက္ခာအမယ်များ လှူဒါန်းကြသော်လည်းအချို့သောကယ်ဆယ်ရေးစခန်းများရှိ သက်ဆိုင်ရာ တာဝန်ခံများက ထမင်းဘူးနှင့် သောက်ရေသန့်များ ဝေငှရသည့် အနေအထားဖြစ်ရာ နေ့စဉ်ပုံမှန် နံနက်၊ည ကျန်းမာရေးနှင့်ညီညွတ်သည့်ထမင်းဟင်း ပုံမှန်အတိုင်း စားသုံးနိုင်ရေး ဘေးအန္တရာယ်စီမံခန့်ခွဲရေး ရန်ပုံငွေနှင့် နေပြည်တော်ကောင်စီတို့မှ ဆန်၊ ဆီ၊ ကုလားပဲ၊ ဆား၊ ငါးပိ စသည့် အခြေခံငါးမျိုးအား ကယ်ဆယ်ရေးစခန်းအလိုက် အရေးပေါ်ထားရှိ၍ နီးစပ်ရာ ရပ်ရွာလူမှုရေးအသင်းအဖွဲ့များမှ ချက်ပြုတ်ကျွေးမွေးနိုင်ရေးကိုလည်း စီမံပေးရန်လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တပ်ကုန်းမြို့ အထွေထွေရောဂါကုဆေးရုံကြီး ခုတင် (၁၀၀) ၌ တက်ရောက်ဆေးကုသမှုခံယူနေသူတစ်ဦးအား ရင်းရင်းနှီးနှီးအားပေးစကားပြောကြားစဉ်။

အချို့ကျေးရွာများ၌ ယနေ့အချိန်အထိ တောင်ကျချောင်းရေများ တစ်ပေမှ နှစ်ပေအထိ ကျန်ရှိနေသေး၍ သန့်ရှင်းသောသောက်သုံးရေရရှိရေး သောက်ရေသန့်စက်ယာဉ်များ စေလွှတ်ကူညီပေးခြင်း၊ လွယ်ကူပေါ့ပါးသည့် Life Straw ကဲ့သို့ တစ်ပိုင်တစ်နိုင် သောက်ရေသန့်စက်များ အခက်အခဲရှိသည့် ကျေးရွာများအလိုက် ဖြန့်ဝေခြင်း၊ Bleaching Powder နှင့် ရေသန့်ဆေးပြားများ ပံ့ပိုးပေးခြင်း စီစဉ်ဆောင်ရွက်ရန်လိုကြောင်း၊ကျန်းမာရေးအရရေဘေးအန္တရာယ်နောက်ဆက်တွဲဝမ်းပျက်ဝမ်းလျှောနှင့် ရေဝပ်နေရာများမှခြင်၊ ယင် ပေါက်ဖွားခြင်းကြောင့် ဖြစ်ပေါ်နိုင်သော နောက်ဆက်တွဲရောဂါများအပါအဝင် အထွေထွေကူးစက်ရောဂါများ မဖြစ်ပွားစေရေး ကယ်ဆယ်ရေးစခန်းအလိုက် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိသော ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ဆေးပေးခန်းများနှင့် ကျေးရွာများရှိ သူနာပြုဝန်ထမ်းများက မိမိတို့ တာဝန်ကျရာ ကျေးရွာအလိုက် ကျန်းမာရေးနှင့် ပတ်သက်၍ အဆင့်ဆင့် နီးစပ်ရာကုသရေးဌာနများသို့ ဆက်သွယ်အကြောင်းကြားရန်လိုကြောင်း၊ ကျန်းမာရေးဝန်ထမ်း လစ်လပ်နေရာများကိုလည်း နီးစပ်ရာကျေးရွာများမှ သွားရောက်စိစစ်ရန် လိုအပ်ကြောင်း၊လိုအပ်ပါက ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ ဖွဲ့စည်း၍ ကူညီဆောင်ရွက်ရန် ခက်ခဲနေသေးသည့် ကျေးရွာများသို့ စေလွှတ်ကုသရန် စီစဉ်ပေးရေးနှင့် ယခုဆွေးနွေး ဆောင်ရွက်ချက်များအား ယခုရက်ပိုင်းအတွင်း သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သည့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ DMC အဖွဲ့များထံသို့ ဆက်လက် အကြောင်းကြားဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တပ်ကုန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ရောက်ရှိနေသည့် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့်အဖွဲ့များကို တွေ့ဆုံအားပေးစကားပြောကြားစဉ်။

**နဝင်းချောင်းတံတား**

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ရန်ကုန်-မန္တလေး ကားလမ်းဟောင်းပေါ်ရှိ အရှည်ပေ ၁၉၀၊ အကျယ် ၂၈ ပေရှိ နဝင်းချောင်းတံတားအားရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးခဲ့မှု အခြေအနေများကို သွားရောက်ကြည့်ရှု၍ ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် လမ်းတံတားဦးစီးဌာနမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက ယာယီဘေလီတံတား တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါ နဝင်းချောင်းတံတား ယာယီဘေလီတံတားကို တံတားခံနိုင်ဝန်တန် ၄၀၊ အရှည် ပေ ၁၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ သံဘေလီသုံးလွှာ တစ်ထပ်တံတားထိုးခြင်း လုပ်ငန်းကို စက်တင်ဘာ ၁၁ ရက်မှစ၍ အစားထိုး စတင်တည်ဆောက်လျက်ရှိရာ စက်တင်ဘာ ၁၆ ရက်တွင် ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်မည် ဖြစ်ကြောင်း သိရသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ကင်းသာလမ်းဆုံမှ ရန်ကုန်-မန္တလေး လမ်းဟောင်းအတိုင်း နေပြည်တော်ကောင်စီနယ်မြေအတွင်း လူနေရပ်ကွက်များ၊ ကျေးရွာများအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်၍ ရေတိုက်စားမှုကြောင့် ထိခိုက်ပျက်စီးနေမှု အခြေအနေများ၊

စာမျက်နှာ ၄ သို့ ✻

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

* စာမျက်နှာ ၃ မှ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နဝင်းချောင်းတံတား (သာယာအေး) ယာယီဘေလီတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ကျေးရွာများအတွင်း ရေဝင်ရောက်နေမှုများ၊ လူနေအိမ်များ ရေဝင်ရောက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့နယ် နတ်သူရဲကျေးရွာရှိ အခြေခံပညာအထက်တန်း ကျောင်းတွင် ရောက်ရှိနေသည့် ဆင်သေ၊ ပေါစံခေါ၊ ပိန္နဲပင်၊ ဇီးဖြူပင်၊ နှမ်းတောကျေးရွာများမှ ရေဘေးသင့်ပြည်သူ ၆၀၀ ခန့်အား သွားရောက်တွေ့ဆုံ၍ နေထိုင်စားသောက်ရေးအတွက် လိုအပ်သည်များစီစဉ် ဆောင်ရွက်ပေးနေမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့် ပတ်သက်ပြီး အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များသည် တပ်ကုန်းမြို့ရှိ ချမ်းမြေ့မြိုင်ရိပ်သာကျောင်းတိုက်သို့ သွားရောက်၍ ဆရာတော်ဘဒ္ဒန္တသီဟာဉာဏအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အဆိုပါ ကျောင်းတိုက်တွင် ရောက်ရှိနေသည့် ရှောက်ကုန်း၊ ကျားသေအိုင်၊ ပုန္နမာ၊ သာယာကုန်း၊ ဆင်သေနှင့် ပိန္နကုန်းကျေးရွာများရှိ ရေဘေးသင့်ပြည်သူ ၅၀၀ ခန့်အား တွေ့ဆုံ၍ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့်လည်း လိုအပ်သည်များ ထောက်ပံ့ပေးသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထောက်ပံ့ပေးအပ်

အလားတူ ခရီးစဉ်တွင် လိုက်ပါလာကြသည့်ပြည်ထောင်စုဝန်ကြီးများက နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေများပြန်လည်ကျဆင်းသွားပြီ ဖြစ်သည့်အတွက် အဆိုပါ ကျေးရွာ/ရပ်ကွက်များတွင် ပြန်လည်နေထိုင်ကြမည့်သူများအတွက် လိုအပ်သည့် အခြေခံစားသောက်ကုန် ပစ္စည်းများ ထောက်ပံ့ပေးနိုင်ရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ ဆည်တမံများနှင့် ပတ်သက်၍ ကောလာဟလ ထုတ်ပြန်မှုများနှင့်ပတ်သက်၍လည်း ပြည်သူများ စိုးရိမ်ထိတ်လန့်မှုများ မဖြစ်ပေါ်စေရန်တို့အတွက် ဆွေးနွေးပြောကြားကြပြီး ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် တပ်ကုန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ရောက်ရှိနေသည့် အောင်ဇေယျရပ်ကွက်၊ အနော်ရထာရပ်ကွက်၊ ဘုရင့်နောင်ရပ်ကွက်၊ နားကုန်း၊ ဇီးကုန်းနှင့် ဖြိုက်အင်းကျေးရွာများမှ ရေဘေးသင့်ပြည်သူ ၁၀၀၀ ကျော် ထားရှိသည့်နေရာသို့ သွားရောက်၍ အုပ်ချုပ်မှုနှင့် ကျန်းမာရေးဆိုင်ရာများ ပြုလုပ်ပေးနေသည့် အဖွဲ့များအလိုက် တွေ့ဆုံအားပေးစကားပြောကြားပြီး အဆိုပါကျောင်း၌ ယာယီဆေးခန်းဖွင့်လှစ်ထားရှိမှု၊ စားသောက်ကုန် ပစ္စည်းများ၊ အဝတ်အထည်များနှင့် ထောက်ပံ့ရေးပစ္စည်းများ အသင့်စုဆောင်းထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများ၊ ဆေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်

စာမျက်နှာ ၅ သို့ *





သိုက်ချောင်းတံတား(ဆင်သေချောင်းကူး) ပြင်ဆင်ဆောက်လုပ်နေမှုကို တွေ့ရစဉ်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး သဘာဝဘေးအန္တရာယ်ကြောင့် ရထားလမ်းနှင့်တံတားများ ပျက်စီးမှုနှင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၁၄

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ဝန်ကြီးဌာနနှင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြန်မာ့မီးရထား တိုင်းအမှတ် (၅) မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်အတွင်းရှိ ရန်ကုန်-မန္တလေး ရထားလမ်းတစ်လျှောက် မကြာမီက မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေတိုက်စားပြီး ပျက်စီး ချို့ယွင်းမှုအခြေအနေနှင့် အဆိုပါပျက်စီးချို့ယွင်းသည့်နေရာများအား မြန်မာ့မီးရထား ဝန်ထမ်းများက မွမ်းမံပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် နံနက်ပိုင်းတွင် ရမည်းသင်း ဘူတာသို့ရောက်ရှိပြီး ရမည်းသင်းဘူတာမှ အင်ဂျင်နီယာသံလမ်း ပြေးယာဉ်ဖြင့် ရမည်းသင်းဘူတာနှင့် အင်းကုန်းဘူတာအကြား မိုင်တိုင်အမှတ် ၂၇၁/၁၆-၁၇ ရှိ အစုန်နှင့်အဆန်ရထားလမ်းနှစ်ဖက်စလုံး၌ တာပေါင် ပေ ၃၀ ခန့်စီ ရေတိုက်စား ပြတ်တောက်ပျက်စီးနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရမည်းသင်း ဘူတာနှင့် အင်ကြင်းကန်ဘူတာအကြား မိုင်တိုင်အမှတ် ၂၇၇/၁-၃ အတွင်း အစုန်ရထားလမ်း တာပေါင် ရေတိုက်စားမှုနှင့် မိုင်တိုင် ၂၇၇/၇-၈ အနီး အဆန်ရထားလမ်းပေါ်ရှိ တံတားအမှတ် ၅၁၅ ၏ မန္တလေးဘက်ခြမ်း ကမ်းကပ်ခုံ အစွန်းခံအုတ်ခုံ ရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ရွှေဒါးဘူတာနှင့် ပျော်ဘွယ်ဘူတာအကြား အဆန်ရထားလမ်းပေါ်ရှိ တံတားအမှတ် ၅၂၉ နေရာတွင် ယာယီအသုံးပြုထားသော ပေ ၁၀၀ ဘေလီတံတား၏ ရေလယ်ဒေါက်တိုင် ရေတိုက်စား၍ ပြိုလဲနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ပျော်ဘွယ်ဘူတာသို့ ရောက်ရှိပြီး မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ရုံးချုပ်နှင့် တိုင်းအဆင့်မှ တာဝန်ရှိဝန်ထမ်းများအား တွေ့ဆုံ၍ မကြာမီက မြန်မာနိုင်ငံ အရှေ့ပိုင်းမှဝင်ရောက်ခဲ့သည့် မုန်တိုင်း၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး မြန်မာ့မီးရထား၏ ပဲခူးတိုင်းဒေသကြီး နေပြည်တော်ကောင်စီနယ်မြေ မန္တလေးတိုင်းဒေသကြီးတို့ ဆက်စပ်သည့် ရန်ကုန်-မန္တလေး ရထားလမ်းမကြီးနှင့် ရှမ်းပြည်(တောင်ပိုင်း) သာစည်-ရွှေညောင်-တောင်ကြီး ရထားလမ်းပိုင်းတို့တွင် ရထားလမ်းတာပေါင်နေရာများ၊ တံတားများ ရေတိုက်စား ပျက်စီးမှုခံထားရကြောင်း၊ အဆိုပါ ပျက်စီးမှုများကြောင့် ရထားများ ပြေးဆွဲနိုင်ခြင်း မရှိဘဲ ယာယီရပ်ဆိုင်း ထားရသဖြင့် ခရီးသည်နှင့် ကုန်စည်သွားလာပို့ဆောင်မှုကို ထိခိုက်နေကြောင်း။

ထို့ကြောင့် ရထားများ အမြန်ဆုံးပြန်လည် ပြေးဆွဲနိုင်ရေးအတွက် ရထားလမ်းနှင့် တံတားများ ပြင်ဆင်မွမ်းမံမှုကို တိုင်းနယ်နိမိတ်အလိုက် လူအင်အား၊ ပစ္စည်းအင်အား၊ ထိရောက်သောထောက်ပံ့ပို့ဆောင်ရေးအစီအစဉ်တို့ဖြင့် စနစ်တကျ စီမံကြီးကြပ်သွားရေး၊ အဓိက ရထားလမ်းပိုင်းများတွင် မိုင်နှုန်းတိုးမြှင့်နိုင်ရေးအတွက်လည်း စီမံချက် စနစ်တကျချမှတ် အကောင်အထည်ဖော်သွားရေး၊ အသုံးမပြုတော့သည့် သံလမ်းဟောင်း၊ ဇလီဖားအဟောင်းများကို ဘူတာများတွင် စနစ်တကျ သိမ်းဆည်းထိန်းသိမ်းရေးနှင့် ဘူတာသန့်ရှင်းသပ်ရပ်ရေးတို့ကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ပျော်ဘွယ်ဘူတာနှင့် ရှမ်းရွာဘူတာအကြား အစုန်၊ အဆန် ရထားလမ်း နှစ်နေရာတွင် ရေတိုက်စားပြီး လမ်းတာပေါင် ပြတ်ကျပျက်စီးနေမှုကို ကြည့်ရှုစစ်ဆေးကာ ရေမျောသွားသည့် လမ်းခင်းကျောက်များ လေလွင့်ဆုံးရှုံးမှုနည်းပါးအောင် ပြန်လည်ဆယ်တင်နိုင်ရေး၊ ပြန်လည်ပြင်ဆင်မှုလုပ်ငန်းများ ပိုမို ထိရောက်မြန်ဆန်စေရေးအတွက် စက်ယန္တရားများ အသုံးပြုပြင်ဆင်မွမ်းမံရေး၊ သတ်မှတ်ထားသည့် စံနှုန်းအတိုင်း ပြုပြင်ထိန်းသိမ်းမှုကို ဆောင်ရွက်ရေး လိုအပ်ချက်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

- နေပြည်တော်ကောင်စီနယ်မြေအတွင်း တစ်ညအတွင်း မိုးရေချိန် ၁၁ လက်မခန့် ရွာသွန်းခဲ့မှုကြောင့် ဆင်သေချောင်း၊ ငလိုက်ချောင်းနှင့် ပေါင်းလောင်းမြစ်အတွင်းသို့ တောင်ကျချောင်းရေများ အဆက်မပြတ်စီးဆင်းကာ မြို့နယ် ရှစ်မြို့နယ်အနက် မြို့နယ် ငါးမြို့နယ်တို့တွင် ထိခိုက်ပျက်စီး၊ သေဆုံးမှုများ ဖြစ်ပေါ်ခဲ့
- သက်ဆိုင်ရာ မြို့နယ်/ကျေးရွာအလိုက် ကယ်ဆယ်ရေးစခန်း ၈၂ ခု ဖွင့်လှစ်၍ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပရဟိတအသင်းအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် အကူအညီလိုအပ်သည့် နေရာများသို့လည်း ကူညီကယ်ဆယ်ရေးအဖွဲ့များက သွားရောက်ကူညီပေးလျက်ရှိ

* စာမျက်နှာ ၄ မှ

အဖွဲ့ဝင်များသည် ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည့် တပ်ကုန်းမြို့ အထွေထွေရောဂါကုဆေးရုံကြီး (ခုတင်-၁၀၀)သို့ သွားရောက်၍ ပြန်လည်ပြင်ဆင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား လိုက်လံကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများအား ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ရေတိုက်စားမှုကြောင့်တံတားချဉ်းကပ်ကွန်ကရစ်လမ်းနှစ်ဖက် ပေ ၄၀၀၊ မြေသားကျိုးကျပျက်စီးခဲ့သည့် နဝင်းချောင်းတံတား (သာယာအေး)အား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ တာဝန်ယူပြန်လည်တည်ဆောက်နေသည့် တံတားအဝင် ချဉ်းကပ်လမ်း အရှည်ပေ ၂၂၀ နှင့် အထွက် ချဉ်းကပ်လမ်း အရှည်ပေ ၁၈၀ ရှိတံတားချဉ်းကပ်လမ်းနှစ်ဖက်အား ယာယီဘေလီတံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြန်လည်တည်ဆောက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေး၊ သဘာဝဘေးဒဏ် ခံနိုင်ရေးအတွက် စနစ်တကျ ထည့်သွင်းတွက်ချက်၍ အမြန်ဆုံး ပြန်လည်ပြီးစီးအောင် ဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေများနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့အား မှာကြားသည်။ အဆိုပါ ယာယီဘေလီတံတားတည်ဆောက်ရေး လုပ်ငန်းကို စက်တင်ဘာလ နောက်ဆုံးအပတ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်ပြီး အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဆင်သေချောင်း တစ်လျှောက် ရေကြီးရေလျှံခြင်းများကြောင့် တံတားကမ်းကပ်ခုံများ ပျက်စီးခြင်း၊ ချဉ်းကပ်လမ်း ရေတိုက်စား၍ လမ်းတာပေါင် ပျက်စီးခြင်း ဖြစ်ပေါ်ခဲ့သည့် နေပြည်တော်ကောင်စီ နယ်မြေ ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့အား ဆက်သွယ်ထားသော ပုဗ္ဗသီရိမြို့ပတ်လမ်းပေါ်ရှိ အရှည် ပေ ၃၆၀၊ အကျယ် ၅၅ ပေ ရှိ သိုက်ချောင်းတံတား (ဆင်သေချောင်းကူး) ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကိုသွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

နေပြည်တော်ကောင်စီ နယ်မြေအတွင်းရေကြီးရေလျှံမှုများကြောင့် လမ်း/ တံတားများ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ ပြန်လည်ပြင်ဆင်ခြင်း လုပ်ငန်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံးဆောင်ရွက်လျက်ရှိပြီး လက်ရှိအချိန်တွင် တပ်ကုန်းမြို့နှင့် ပျဉ်းမနားမြို့နယ်အတွင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ထောက်ပံ့ရေးပစ္စည်းများနှင့် အခြားကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် ခရိုင်ချင်းဆက်လမ်းမှတစ်ဆင့် ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း တစ်ညအတွင်း မိုးရေချိန် ၁၁ လက်မခန့် ရွာသွန်းခဲ့မှုကြောင့် ဆင်သေချောင်း၊ ငလိုက်ချောင်းနှင့် ပေါင်းလောင်းမြစ် အတွင်းသို့ တောင်ကျချောင်းရေများ အဆက်မပြတ်စီးဆင်းကာ မြို့နယ် ရှစ်မြို့နယ်အနက် မြို့နယ် ငါးမြို့နယ်တို့တွင် ထိခိုက်ပျက်စီး၊ သေဆုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

ထို့ကြောင့် သက်ဆိုင်ရာ မြို့နယ်/ကျေးရွာအလိုက် ကယ်ဆယ်ရေးစခန်း ၈၂ ခု ဖွင့်လှစ်၍ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပရဟိတအသင်းအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် အကူအညီလိုအပ်သည့် နေရာများသို့လည်း ကူညီကယ်ဆယ်ရေးအဖွဲ့များက သွားရောက် ကူညီပေးလျက်ရှိသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေမှ ကျဆင်းသွားသည့်ရေများသည် စစ်တောင်းမြစ်ဝှမ်းတစ်လျှောက် စီးဆင်း၍ ပဲခူးတိုင်းဒေသကြီး အတွင်း ဆက်လက် ဝင်ရောက်နေသည့်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် သက်ဆိုင်ရာမြို့နယ်အလိုက် တာဝန်ရှိသူများက စစ်တောင်းမြစ်ဝှမ်းတစ်လျှောက်ရှိ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နိုင်သည့် ကျေးရွာများရှိ ပြည်သူများအား ကြိုတင်အသိပညာပေးခြင်းနှင့် ရေဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စစ်တောင်းမြစ်၏ ရေအခြေအနေမှာလည်း စိုးရိမ်ဖွယ်ရာ မရှိကြောင်းနှင့် အလားတူ စစ်တောင်းမြစ်ဝှမ်းတစ်လျှောက်မှ စစ်တောင်းမြစ်ဝတစ်ဝိုက်ရှိ ကျေးရွာများ ရေကြီးမှုကြောင့် ထိခိုက်ဆုံးရှုံးမှု မရှိစေရေး ကြိုတင်ပြင်ဆင်ထားရှိကြောင်း သိရသည်။

သတင်းစဉ်





# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ကျောက်ဆည်ခရိုင်အတွင်းရှိ ယာယီရေဘေးရှောင်စခန်းများမှ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားများပြောကြားပြီး စားရေရိက္ခာများ၊ ထောက်ပံ့ငွေများ ပေးအပ်

**မန္တလေး စက်တင်ဘာ ၁၄**

တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သော တိုင်ဖွန်းမုန်တိုင်းရာဂီ၏ အရှိန်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့်အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏ အရှိန်ကြောင့် စက်တင်ဘာ ၁၀ ရက်မှ စတင်၍ နေရာအနှံ့အပြားတွင် မိုးအဆက်မပြတ်ရွာသွန်းမှုများ ဖြစ်ပွားခဲ့ပြီး ချောင်းရေနှင့် မြစ်ရေများ အဆက်မပြတ်မြင့်တက်လာမှုနှင့်အတူ ရုတ်တရက် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြေနိမ့်ပိုင်း ဧရိယာများနှင့် အနီးရှိရပ်ကွက်များ၊ ကျေးရွာများတွင် ရေများဝင်ရောက်ကာ ရေနစ်မြုပ်နေမှုများ ဖြစ်ပေါ်ခဲ့ပြီး ယခုအခါ ရေများ ပြန်လည်ကျဆင်းလာသည်။

ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ လိုက်ပါပြီး ဇော်ဂျီမြစ်၊ ပန်းလောင်မြစ်၊ စမုံမြစ်များ ရုတ်တရက် ရေကြီးရေလျှံမှုများကြောင့် ကျောက်ဆည်ခရိုင်အတွင်း မြေနိမ့်ပိုင်းဧရိယာများနှင့် အနီးရှိရပ်ကွက်များ၊ ကျေးရွာများတွင် ရေများဝင်ရောက်၍ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေသည့် နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ယာယီရေဘေးရှောင်စခန်းများ၌ ကူညီနေရာချထားပေးထားသည့် ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးစကားများပြောကြား၍ စားရေရိက္ခာများ ပေးအပ်ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်ဆည်မြို့နယ် ကြက်မင်းတွန်ကျောင်းတိုက်ရှိ ဓမ္မာရုံတွင် ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းသို့လည်းကောင်း၊ ၎င်းနောက် မြစ်သားမြို့ဘူတာရပ်ကွက်ရှိ ရွှေဘုံသာဘုန်းကြီးကျောင်း၊ ရွာသစ်ကျေးရွာအုပ်စုရှိ မန်းမန္တလာဘုန်းကြီးကျောင်းသို့လည်းကောင်း၊ ကူမဲမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းဘေးရှိ ရွှေဘုံသာဘုန်းကြီးကျောင်းတို့၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းများသို့လည်းကောင်း သွားရောက်ပြီး ရေဘေးသင့်ပြည်သူများကို တွေ့ဆုံစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ယာယီရေဘေးရှောင်စခန်းတွင် ခေတ္တနေထိုင်စဉ်အတွင်း ကျန်းမာရေး အထူးဂရုစိုက်နေထိုင်ရန်နှင့် ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများ၊ သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနေမှုများ၊ လျှပ်စစ်မီး၊ လမ်း၊ တံတားများ ပြန်လည်ကောင်းမွန်ရေးဆောင်ရွက်ပေးသွားမည့်အခြေအနေများကို ပြောကြားပြီး သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိသူများက ရေများကျဆင်းသွားသည့်အခါ ဆက်လက်ဆောင်ရွက်ပေးသွားမည့် လုပ်ငန်းအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြချက်များနှင့် ဒေသခံများ၏ လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အလှူရှင်များဖြစ်သည့် New Star light ဆောက်လုပ်ရေးကုမ္ပဏီနှင့် ကျင်းလုံမြန်မာစက်မှုလုပ်ငန်းသုံးပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်တို့မှ စားရေရိက္ခာများ၊ သောက်ရေသန့်ဘူးများကိုလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ စုစုပေါင်း ထောက်ပံ့ငွေ ၂၆၇၁၄,၁၀၀ ကျပ် ပေးအပ်၍ အားပေးစကားများ ပြောကြားပြီး ကျန်းမာရေး စောင့်ရှောက်ပေးနေမှုများကို လိုက်လံကြည့်ရှုခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ဆေးရုံအတွင်း ရေဝင်ရောက်ခဲ့မှုများနှင့် ရေ ပြန်လည်ကျဆင်းမှု အခြေအနေများ၊ ရောဂါရှာဖွေရေးစက်ပစ္စည်းများ ရေလွတ်ရာနေရာများသို့ ရွှေ့ပြောင်းထားရှိမှု အခြေအနေများကို ကြည့်ရှုပြီး ဆေးရုံတွင် တက်ရောက်ဆေးဝါးကုသမှုခံယူနေသည့် လူနာများကို အားပေးစကားများ ပြောကြား၍ အာဟာရ ဖြည့်စွက်စာများ ပေးအပ်ကာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ဆေးရုံအတွက် သောက်သုံးရေး အခက်အခဲ မရှိစေရန် New Star light ဆောက်လုပ်ရေးကုမ္ပဏီမှ ကျပ်သိန်း ၂၀၀ ခန့် ကုန်ကျမည့် ၄ လက်မခွဲစက်ရေတွင်းနှင့် ကျင်းလုံမြန်မာစက်မှုလုပ်ငန်းသုံးပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ ကျပ်သိန်း ၂၀ခန့် တန်ဖိုးရှိ ရေမြုပ်မော်တာတို့ကို လည်းကောင်း လှူဒါန်းခဲ့သည်။

အဆိုပါခရီးစဉ်၌ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်ဆည်ခရိုင်အတွင်း ဇော်ဂျီမြစ်ရေလျှံတက်မှုကြောင့် ဟန်မြင့်မိုရ်-မြို့ကြီး-ရွာငံ-အောင်ပန်းလမ်းမိုင်(၇/၀-၇/၄)တို့ကြား လမ်းတာပေါင် အလျားပေ၂၀၀ ပျက်စီးခြင်းဖြစ်ပေါ်ခဲ့သည့်နေရာသို့ သွားရောက်ပြီး ပြတ်တောက်သွားသည့် လမ်းပိုင်းအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ရန်ကုန်-မန္တလေး ကားလမ်း၊ မိတ္ထီလာခရိုင် မိုင် (၃၄၉/၆) နှင့် (၃၄၉/၇)တို့ကြား ကွန်ကရစ်လမ်းသား အကျယ်၁၀ပေခန့်၊ အလျားပေ၃၅၀ခန့် လမ်းသားပွံ့ကျမှု၊ မိုင်တိုင်အမှတ် (၃၄၉/၆) နှင့် (၃၅၀/၄-၆ဖာလုံ) လမ်းတာပေါင် ပျက်စီးသွားမှု အခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေး၍ ဒေသခံပြည်သူများ ယာဉ်သွားလာမှု အမြန်ဆုံးရရှိရေး၊ လမ်းကြောင်း ပြန်လည်ဖွင့်လှစ်ရေးဆောင်ရွက်သွားရန်တို့ကို တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

၀-၀-၀





သတင်း စာမျက်နှာ ၆


















သတင်း စာမျက်နှာ ၆

















# မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်အတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရေကျော်ရေလျှံမှုဖြစ်ပေါ်ခဲ့သည့် အနိမ့်ပိုင်းနေရာများရေတိုက်စားမှုနှင့် ရေဝင်ရောက်ရှိခဲ့မှုအခြေအနေများအား ကွင်းဆင်းကြည့်ရှုပြီး ရေဘေးသင့်မိသားစုဝင်များအား စားသောက်ဖွယ်ရာများထောက်ပံ့

**မန္တလေး စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများဖြစ်ကြသည့် သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးတို့သည် တိုင်းဒေသကြီးလမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင့်လွင်နှင့် ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၁၃ရက် နံနက်ပိုင်းက မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်အတွင်း မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းခဲ့ပြီး အနိမ့်ပိုင်းရပ်ကွက်၊ ကျေးရွာများနှင့် လမ်းပိုင်း အချို့တို့တွင် ရေကြီးရေလျှံမှုများ၊ လမ်းရေကျော်မှုများဖြစ်ပေါ်ခဲ့မှုများကို ကွင်းဆင်းသွားရောက်ကြည့်ရှုခဲ့ပြီး ရေဘေးသင့် ရပ်ကွက်၊ ကျေးရွာတို့ရှိ အိမ်ထောင်စုဝင်၊ မိသားစုဝင်များအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့လှူဒါန်းသည့် ဆန်နှင့် စားသောက် ကုန်ပစ္စည်းများကို ပေးအပ်ပြီး အားပေးစကား ပြောကြားသည်။

ဦးစွာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် မိတ္ထီလာမြို့ ဆောက်လုပ်ရေးရိပ်သာသို့ ရောက်ရှိပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက စမုံရေထိန်းတမံ ရေဆင်းဇရိယာအတွင်းရှိ ဆည်ကန်များနှင့် ရေစီးဆင်းမှု၊ အနိမ့်ပိုင်းရပ်ကွက်၊ ကျေးရွာ နှင့်လမ်းပိုင်းအချို့တို့တွင် ရေကြီးရေလျှံမှုကြောင့် လမ်းပိုင်းအချို့ ရေတိုက်စားမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ အစိုးရအဖွဲ့ဝင်ဝန်ကြီးများက လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် မိတ္ထီလာ-သာစည်လမ်းပိုင်းရှိ အနိမ့်ပိုင်းလမ်းများတွင် ရေကျော်နေမှု၊ ရေလျှံကျဆင်းနေမှုတို့ကိုလည်းကောင်း၊ ဝမ်းတွင်းမြို့နယ်အတွင်းရှိ ဆင်ချီကန် ကျေးရွာအုပ်စု၊ ရွှေကူဘုရားတွင် ကိုင်းကျေးရွာအုပ်စုတို့မှ ရေဘေးသင့်မိသားစုဝင်များအတွက်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သည့်ဆန်နှင့် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ခဲ့ပြီး ရေဘေးသင့်မိသားစုဝင်များ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့၍ မိသားစုဝင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုကာ အားပေးစကား ပြောကြားသည်။





ထို့မှတစ်ဆင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် မိတ္ထီလာ-တောင်ကြီး လမ်းပိုင်း မိုင်တိုင်အမှတ် ၁၉/၃ နှင့်၂၁/၃အတွင်း လမ်းရေကျော်ခဲ့ပြီး လမ်းတာပေါင်များ ရေတိုက်စားနေမှုနှင့် ရေကျဆင်းမှုကိုလည်းကောင်း၊ တောင်ပေါ်ဒေသ ရှင်းလင်းဆောင်တွင် လမ်းပိုင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်းကောင်း၊ ပြည်သြောင်တံတားနှင့် ချဉ်းကပ်လမ်း ရေတိုက်စားမှု အခြေအနေများကိုလည်းကောင်း၊ မိုင်တိုင်အမှတ် ၄၆/၁နှင့် ၄၆/၃အတွင်း၊ မိုင်တိုင်အမှတ် ၄၇/၂ မှ ၄၇/၃ အထိ မြစ်ဆုံနေရာတို့တွင် ရေတိုက်စားမှုကြောင့် လမ်းတာပေါင်များ ပဲ့ကျနေမှုအခြေအနေများကို လည်းကောင်း၊ ပျော်ဘွယ်-ဘုရားငါးဆူလမ်းမိုင်တိုင်အမှတ် ၁၀/၀မှ ၁၀/၃အထိ လမ်းရေကျော်၍ လမ်းတာပေါင်များတိုက်စားမှု၊ ရေလျှံကျဆင်းနေမှုနှင့် ယာဉ်များသွားလာနေမှုအခြေအနေများကိုလည်းကောင်း၊ ရမည်းသင်းမြို့နယ်ရှိ မန္တလေး-ရန်ကုန် လမ်းဟောင်းအပိုင်းရှိ ရွှေဒါးတံတား အခြေအနေနှင့် ရေပြန်လည်ကျဆင်းမှုကိုလည်းကောင်း၊ သြောင်နွယ်ကျေးရွာ မိုင်တိုင်အမှတ် ၂၉၀/၁တွင် တာပေါင်ပဲ့ကျနေမှုနှင့် ပြုပြင်ဆောင်ရွက်ရမည့်အခြေအနေကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် ကံဘွယ်ကျေးရွာအုပ်စု သာသနာ့ဗိမာန်၊ မြို့မရပ်ကွက်၊ ရှမ်းပွဲရပ်ရွှေပြည်သာဘုရားအနီးရှိ သာသနာ့ဗိမာန်တို့တွင် ရေဘေးသင့်မိသားစုဝင်များအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သည့် ဆန်၊ စားသောက်ဖွယ်ရာများနှင့် ရေသန့်ဘူးများကိုပေးအပ်ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီးနောက် ဒေသခံရေဘေးသင့်မိသားစုဝင်များ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**









သတင်း-စာမျက်နှာ ၉







# ၂၀၂၄ ခုနှစ် (၂၂)ကြိမ်မြောက် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၄**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ မှ ကျင်းပသည့် ၂၀၂၄ ခုနှစ် (၂၂) ကြိမ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံ ဆရာဝန်များအသင်း(မန္တလေး) ခန်းမတွင် ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဗဟိုကောင်စီဝင် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ သိန်းထွန်းဆောင်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဗဟိုကောင်စီဝင် ကချင်ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဘရမ်ဒီးနှင့် ကော်မတီဝင်များ၊ တက္ကသိုလ်ကြက်ခြေနီအသင်းဥက္ကဋ္ဌများ၊ မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌများနှင့် ကြက်ခြေနီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး လူငယ်ကြက်ခြေနီအဖွဲ့က "ပြည်သူ့အတွက် ကြက်ခြေနီ" အဖွင့်သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

အခမ်းအနား၌ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးမှ ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ၂၀၂၄ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ဆောင်ပုဒ်မှာ "အားကစားအတွက်အမြဲကူညီ၊ ရှေးဦးပြုစုခြင်းအသင့်ရှိသည်" (First Aid and Sports Ready,Set, Respond) ဖြစ်ကြောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လူမှုဂရုဏာဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာ၌ ရှေးဦးပြုစုခြင်း ပညာရပ်များ ပြန့်ပွားနိုင်ရေးအတွက် အမျိုးသားအဆင့်အစီအမံများဖြင့် ဆောင်ရွက်ရန် လမ်းညွှန်ထည့်သွင်းရေးဆွဲထားကြောင်း၊ မန္တလေးတိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီ၏ လမ်းညွှန်မှုဖြင့် ရှေးဦးပြုစုခြင်း သင်တန်းများဖွင့်လှစ်ဆောင်ရွက်ထားရှိပြီး ရှေးဦးပြုစုခြင်းကို ပြည်သူလူထုများ ကိုယ်တိုင်ပါဝင်ဆောင်ရွက်လုပ်ကိုင်လျက်ရှိကြောင်းနှင့် ကြက်ခြေနီစေတနာ့လုပ်အားရှင် အသင်းဝင်၊ တပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထုနှင့် ပူးပေါင်းပြီး နိုင်ငံအကျိုးပြု၊ ပြည်သူ့အကျိုးပြု လူမှုဂရုဏာလုပ်ငန်းများကို ယခုထက်ပိုပြီး စွမ်းစွမ်းတမံအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်က ပေးပို့သော "ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့" သဝဏ်လွှာဖတ်ကြားခြင်း၊ အခြေခံပညာအထက်တန်းကျောင်း လူငယ်ကြက်ခြေနီများက ပတ်တီးစည်းခြင်းစွမ်းရည်ပြသခြင်း၊ နည်းပညာကော်လိပ်(မန္တလေး)ကြက်ခြေနီအသင်းမှ ရှေးဦးပြုစုခြင်းစွမ်းရည်ပြခြင်းနှင့် ပညာရေးဒီဂရီကောလိပ် ကြက်ခြေနီအသင်းမှ ရှေးဦးပြုစုခြင်း စွမ်းရည်ပြသခြင်းအစီအစဉ်များကို ဆောင်ရွက်ခဲ့သည်။

၎င်းနောက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ရှေးဦးပြုစုခြင်းသင်တန်းအကြိမ်ရေအများဆုံးဖွင့်လှစ်နိုင်သည့် မြို့နယ်ဆု၊ ပြင်ဦးလွင်မြို့နယ်မှ ကလေးငယ်အား အသက်ကယ်တင်ခဲ့သည် ကြက်ခြေနီစေတနာ့လုပ်အားရှင်ဆု၊ "ကမ္ဘာ့ကြက်ခြေနီနေ့" အခမ်းအနားသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သည့် ကြက်ခြေနီစေတနာ့လုပ်အားရှင်အားဆု၊ မဟာအောင်မြေမြို့နယ်မှ ကလေးငယ်အား အသက်ကယ်တင်ခဲ့သည့် ကြက်ခြေနီစေတနာ့လုပ်အားရှင်ဆုနှင့် အခမ်းအနားတွင် သီဆိုဖျော်ဖြေသည့်အဖွဲ့များအား ဆုများနှင့် ဂုဏ်ပြုဆုများကို အသီးသီးချီးမြှင့်ပေးခဲ့ပြီးနောက် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီအသင်းက ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ်အနေဖြင့် အသိပညာပေးဟောပြောမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၅)

၀-၀-၀-၀




# ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနား ကျင်းပ သစ်ပင်များစုပေါင်းစိုက်ပျိုး

**ပြင်ဦးလွင် စက်တင်ဘာ ၁၄**

၂၀၂၄ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင်ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၁၂ ရက်က "မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်ရည်မှန်းချက်အောင်မြင်ဖို့ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးတိုးမြှင့်ဆောင်ရွက်စို့" ဆောင်ပုဒ်နှင့်အညီ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြင်ဦးလွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးသီဟက အိုဇုန်းလွှာပျက်စီးရခြင်း အကြောင်းအရင်းများ၊ အိုဇုန်းလွှာကာကွယ်ထိန်းသိမ်းသင့်ပုံ၊ အိုဇုန်းလွှာကာကွယ်ရေးကြိုးပမ်းဆောင်ရွက်ချက်များ၊ ပြည်သူလူထုက အိုဇုန်းလွှာကာကွယ်ရေးဆောင်ရွက်ရမည့်လုပ်ငန်းများကို အသိပညာပေးဟောပြောဆွေးနွေးသည်။

အခမ်းအနားသို့ ခရိုင်ပညာရေးမှူးဦးကျော်ကျော်မွန်နှင့် မြို့နယ်ပညာရေးမှူးများ၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ၊ ခရိုင်မီးသတ်ဦးစီးမှူး၊Green Challenge Association ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများတက်ရောက်ကြသည်။ အခမ်းအနားအပြီးတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနဝန်ထမ်းများ၊ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများ၊ သဘာဝပတ်ဝန်းကျင်ချစ်မြတ်နိုးသူများက စုပေါင်း၍ ကျောင်းဝင်းအတွင်း တပေဘူတ၊ ငုဝါ၊ ကျောက်ခက်ပင်များစုပေါင်းစိုက်ပျိုးပေးခဲ့ကြသည်။

(ဝ၄၅)

**ပန်းမန်သစ်ပင် လေသန့်စင်၍ ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏။**

# ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည့်နေရာများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း



နေပြည်တော် စက်တင်ဘာ ၁၄

နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် မိုးအဆက်မပြတ် ရွာသွန်းမှုများ ဖြစ်ပွားခဲ့ပြီး ချောင်းရေ၊ မြစ်ရေများ မြင့်တက်လာမှုနှင့်အတူ မြို့နယ်အချို့ရှိ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့ကာ ကားလမ်း၊ ရထားလမ်းများ ရေကျော်ခြင်း၊ တံတားအချို့ပျက်စီးခြင်း၊ လျှပ်စစ်မီးတိုင်များနှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးခြင်း၊ လူနေအိမ်များ ပျက်စီးခြင်းများ ဖြစ်ပွားခဲ့သည်။

ထိုသို့ နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများမှ ကူညီရွှေ့ပြောင်းရန် လိုအပ်နေသူများကို အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရွှေ့ပြောင်းပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းမှ ရေကြီးရေလျှံဖြစ်ပေါ်နေသည့် လယ်ဝေးမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေး အသင်း/အဖွဲ့များက လိုအပ်သည့်ကူညီကယ်ဆယ်ရွှေ့ပြောင်းပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံဝေငှပေးခြင်းများ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ရေများ ပြန်လည်ကျဆင်းသွားသည့်နေရာများရှိ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများအား ဖယ်ရှားပေးခြင်းအပါအဝင် ကူညီကယ်ဆယ်ရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိသည်။

ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း/တံတားများကို လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေရှိ သိုက်ချောင်းတံတားနှင့် နဝင်းချောင်းတံတားတို့ကို သံဘောင်ဘေလီအစားထိုး ပြုပြင်ဆောင်ရွက်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ချဉ်းကပ်လမ်းပျက်စီးသွားသော နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့ကို ဆက်သွယ်ထားသော ပုပ္ပါးကုန်းတံတား(ဆင်သေချောင်းကူး)အား ယာယီဘေလီတံတား အစားထိုးခြင်းကို အင်တိုက်အားတိုက် ပြုပြင်ဆောင်ရွက်ခဲ့ရာ ယနေ့ မွန်းလွဲပိုင်းတွင် ပြီးစီးပြီဖြစ်၍ ယာဉ်ငယ်များ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်သည်။ ထို့ပြင် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ယာယီရေဘေးရှောင်စခန်းများ ဖွင့်လှစ်ပေးထားပြီး လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကာ ရေဘေးသင့်ပြည်သူများ စားသောက်ရေးအခက်အခဲမရှိစေရေးအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုဝင်များ၊

စာမျက်နှာ ၁၃ သို့ »»









သတင်း စာမျက်နှာ ၆





»» စာမျက်နှာ ၁၂မှ

ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်စေတနာရှင်ပြည်သူများက ထမင်းဘူးများ၊ ရေသန့်များနှင့် အခြားစားသောက်ဖွယ်ရာများကို လိုက်လံဝေငှပေးလျက်ရှိသည်။

ထိုသို့ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ရေဘေးသင့် ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများပေးအပ်၍ ရင်းရင်းနှီးနှီး အားပေးစကားများ ပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြသည်။



နေပြည်တော် ကောင်စီနယ်မြေအပါအဝင် ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (အရှေ့ပိုင်း)နှင့် ဧရာဝတီတိုင်းဒေသကြီးတို့ရှိ မြို့နယ် ၆၄ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာပေါင်း ၄၆၂ ရွာတို့တွင် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ပြီး စက်တင်ဘာ ၁၀ ရက်မှ ၁၃ ရက် ညပိုင်းအထိရရှိသော စာရင်းများအရ ပြည်သူ ၇၄ ဦး သေဆုံးခဲ့ပြီး ပျောက်ဆုံးနေသူ ၈၉ ဦးရှိကြောင်းနှင့် တာဝန်ရှိသူများက ကယ်ဆယ်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထို့ပြင် အထက်ပါရပ်ကွက်၊ ကျေးရွာများအတွင်း ရေကြီးရေလျှံခဲ့မှုကြောင့် လမ်းအရှည် ၃၂၆၄၅ ပေ၊ တံတား ၂၄ စင်း၊ စာသင်ကျောင်း ၃၇၅ ကျောင်း၊ ဘုန်းကြီးကျောင်း တစ်ကျောင်း၊ ဆည်/တမံ ငါးခု၊ ဘုရားစေတီ လေးဆူ၊ ထရန်စဖော်မာ ၁၄ လုံး၊ ဓာတ်မီးတိုင် ၄၅၆ တိုင်နှင့် လူနေအိမ် ၆၅၇၅၉ လုံး ရေဝင်နစ်မြုပ်၍ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်





# ပြန် လှည့် ကြည့် ဖြစ် တဲ့ သက္ကရာဇ် များ (၈၇)

သွယ်အောင်

**မေး ➢ ဟုတ်ပါပြီ ဆရာ။ ဝတ္ထုတိုဝေဖန်ရေးဆရာတွေအပေါ် ဆရာ့အမြင်ကလေး လုပ်စမ်းပါဦး။**

ဖြေ ➢ ဝေဖန်ရေးကို ဝေဖန်ရေးလား။ မြွေပွေးကို ငယ်သော်လည်း အလမ္မယ် မပြုနဲ့တဲ့။


**မေး ➢ ဝေဖန်ရေးဆရာတွေကို ဆရာက မြွေပွေးနဲ့ နှိုင်းလိုက်တာလား။**

ဖြေ ➢ ခင်ဗျားကတော့ တော်တော်'ထောင်'ပေးတတ်တဲ့လူပဲ။ ကျွန်တော်ပြောတာက တလေးတစား ဂရုစိုက်သင့်တဲ့ ပုဂ္ဂိုလ်တွေအဖြစ် တင်စားပြောဆိုတာပါ။

ဒီနေ့ဝတ္ထုအကြောင်း ပြောနေကြတဲ့ လူတွေကို အမျိုးအစားခွဲကြည့်ရင် ရိုးရိုးရှင်းရှင်းကလေးရယ်၊ နှစ်မျိုးပဲရှိတယ်။ (၁) ကြိုက်တယ်၊ (၂) မကြိုက်ဘူး၊ ကြိုက်သည့်အတွက် သူကြိုက်တဲ့ ဝတ္ထုနဲ့ ဝတ္ထုရေးဆရာကို ချီးမွမ်းထောပနာပြုမယ်။ မကြိုက်သည့်အတွက် မကြိုက်တဲ့ဝတ္ထုနဲ့ ဝတ္ထုရေးဆရာကို ရှုတ်ချအပြစ်တင်မယ်။ ဒါပါပဲ။ ဒီ့ထက် ဘာမှမလိုတော့ပါဘူး။ သူတို့နှစ်ဦးဟာ ကြိုက်ခြင်းနဲ့ မကြိုက်ခြင်းဆိုတဲ့ လုံးဝဆန့်ကျင်ဘက်အစွန်းနှစ်ဖက်မှာ ပြောဆိုဝေဖန်နေကြပေမယ့် သူတို့ချင်း အတိအကျတူညီတဲ့ အချက်တစ်ချက်ရှိတယ်။ သူတို့ဟာ စာပေရဲ့ ဘယ်လိုဂုဏ်အင်္ဂါ အရည်အသွေးတစ်ရပ်ကိုမှ ဖော်ထုတ်နိုင်စွမ်းမရှိဘဲ အပေါ်ယံ အဖြစ်အပျက် အကြောင်းအရာကလေးတွေ ပေါ်ပေါက်ကာ သဲကြီးမည်းကြီး ခရုခါးတောင်းကျိုက် ဖမ်းနေခြင်းပါပဲ။

ကျွန်တော်လက်ခံနိုင်တဲ့ ဝေဖန်ရေး အရည်အသွေးမျိုးနဲ့ ပြည့်စုံသူဟာ ရှားရှားပါးပါး လက်ချိုးရေတွက်ကြည့်ရင် တစ်ယောက်ထက် မပိုပါဘူး။ ကျန်တဲ့ပုဂ္ဂိုလ်တွေကတော့ အလွန်ဆုံး သူတို့ဆောင်ရွက်နိုင်ရင် ဘယ်စာပိုဒ်ကလေးကတော့ ဘယ်လောက်ထိ စူးရှထိမိလိုက်ပါသလဲဆိုပြီး မူရင်းစာရေးဆရာရဲ့စာပိုဒ်တွေကို ဖောဖောသီသီ ထုတ်ပြပြီး စာမျက်နှာများအောင် လုပ်တတ်ရုံပါပဲ။ ဒါလောက်ပါပဲ။

ကျန်တာတွေကတော့ ဂေါက်သီးအိတ်ထမ်းတဲ့ ကလေးလေး ကျောင်းနေခွင့်မရတာကို ဖော်ပြလိုက်၊ စာရေးဆရာ တာဝန်ကျေပါပေတယ်။ အသွင်မတူတဲ့ လူတန်းစားနှစ်ရပ်ကို ယှဉ်တွဲပြီး မီးမောင်းထိုးပြလိုက်တာ ပေါ်လွင်ပါတယ်လို့ ဆိုတာတွေကို ရေလဲနဲ့သုံးပြီး တစ်ခါတလေ တရားသူကြီး စတိုင်လ်မျိုးနဲ့၊ တစ်ခါတလေကျတော့လည်း ပုပ်ရဟန်းမင်းကြီးရဲ့ လေသံမျိုးနဲ့ စာပေဝေဖန်ရေးလုပ်ငန်းကြီးကို ဆောင်ရွက်နေကြလေရဲ့။ တကယ်တော့ ဝတ္ထုတို တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းကို ဘာတစ်ခုမှမဆောင်ရွက်နိုင်ဘဲ ဝတ္ထုတိုသမားတွေ သူတို့ဟာ သူတို့သွားချင်ရာသွားနေတဲ့လမ်းကို နောက်ကနေ တရှုတ်တိုက်ပြီး




(ချီးမွမ်းစာရေးသူရော၊ ကဲ့ရဲ့စာရေးသူပါ နှစ်ဦးစလုံး) လိုက်နေရုံသက်သက်ပါပဲ။

ဒီလိုဝေဖန်ရေးဆရာဆိုသူတွေဟာ တကယ်တော့ ဝတ္ထုတိုဆိုတဲ့ အနုပညာတစ်ရပ်ကို တလွဲဆံပင်ကောင်းအောင် လုပ်နေကြတဲ့လူတွေပဲ။ ဝတ္ထုတိုသမားတစ်ယောက်ရဲ့ စာပေအရည်အသွေး ဝတ္ထုတိုတစ်ပုဒ်ရဲ့ စာပေအင်္ဂါရပ်ကို ဖော်ညွှန်းနိုင်တဲ့ အကဲဖြတ်မှုမျိုး ကျွန်တော်ဖြင့် မတွေ့ဖူးသေးလောက်ပါပဲ။

**မေး ➢ ဟုတ်ကဲ့ ... ဆရာ့ဝတ္ထုတိုတွေရဲ့ အနေအထားကို ပြောပြပါဦး ဆရာ။**

ဖြေ ➢ ကျွန်တော့်ဝတ္ထုတိုတွေရဲ့ အနေအထားလား··· ဒီကိစ္စကို စာဖတ်ပရိသတ်ကပဲ ဆုံးဖြတ်သွားပါလိမ့်မယ်။

**မေး ➢ ဝတ္ထုတို ရွှေခေတ်ရောက်ပြီဆိုတာကို ဆရာလက်ခံပါသလား။ ကဗျာကတော့ ဘယ်ခေတ်ရောက်နေပြီလဲ။ ကျောက်ခေတ်ကို ရောက်နေပြီလားဆရာ။**

ဖြေ ➢ မရိုပါနဲ့ဗျာ။ စကားလုံးတွေ ရှုပ်ထွေးငြင်းခုံနေတဲ့အထဲ ကျွန်တော်မပါချင်ဘူး။ ကျွန်တော့်စကားကြောင့် နောက်ထပ်အမှိုက်တစ်စ တိုးလာတာပဲရှိမယ်။

**မေး ➢ ဘာပဲဖြစ်ဖြစ်ပေါ့ဆရာ။ အများသူငါ ပြောဆိုနေကြတာဆိုတော့ ကျွန်တော်တို့လည်း စိတ်ဝင်စားသင့်တယ် မဟုတ်လား။**

ဖြေ ➢ ပြောရရင်တော့ ဝတ္ထုတို ရွှေခေတ်ရောက်နေပြီလို့ ဘယ်သူကပြောတာလဲ။ စာဖတ်ပရိသတ်က ပြောလာတာဆိုရင်တော့ ကျွန်တော်တို့ စဉ်းစားရမှာပေါ့။(စဉ်းစားရမှာလို့ပဲ ပြောတာနော်) အဲ··· ကိုယ့်စာပေနယ်ကလူတွေ (ကဗျာဆရာ၊ ဝေဖန်ရေးဆရာ စသည်)ပြောလာရင်လည်း စဉ်းစားသင့်သေးတာပဲ။ လက်ရှိ ဝတ္ထုတိုရေးနေတဲ့လူတွေကတော့ ဒီစကားမျိုးကို ပြောခွင့်ရှိတယ်လို့ ကျွန်တော် မထင်ဘူးလေ။

ကဲ··· စဉ်းစားကြရအောင်။ ပထမအချက်က ရွှေခေတ်ဆိုတာ အကောင်းဆုံးခေတ်လို့ ဆိုတာလား။(အဲဒီလို အဓိပ္ပာယ်မျိုးနဲ့ ပြောတာပဲ ပိုပြီးဖြစ်နိုင်လိမ့်မယ်ထင်ပါရဲ့) ဒုတိယအချက်က အဲဒီလို အကောင်းဆုံးဆိုတဲ့ အဓိပ္ပာယ်မျိုးနဲ့ ပြောတာမဟုတ်ဘဲ အဆင့်တစ်ဆင့်အနေနဲ့သာ သတ်မှတ်ပြီး နောက်ထပ် စိန်ခေတ်တွေ၊ ပလက်တီနမ်ခေတ်တွေကို ရောက်ဖို့လိုသေးတယ် ဆိုလိုတာလား။

ဒုတိယအဓိပ္ပာယ်မျိုးနဲ့ ပြောတာဆိုရင်တောင်မှ ခြွင်းချက်မရှိ လက်ခံလို့မရသေးပါဘူး။ မြန်မာဝတ္ထုတိုရဲ့ သမိုင်းခေတ်အဆင့်ဆင့်ကို ပိုင်းခြားဝေဖန်ပြီး ပြောဆိုဖို့လိုအပ်လိမ့်မယ်။ ပထမအဓိပ္ပာယ်မျိုးနဲ့ဆိုရင်တော့ တစ်နည်းအားဖြင့် ဝတ္ထုတိုဟာ ရွှေခေတ်ကို ရောက်နေပြီ။ အကောင်းဆုံးခေတ်ကို ရောက်နေပြီဆိုတဲ့ အဓိပ္ပာယ်မျိုးနဲ့ပြောတာဆိုရင်တော့ သမိုင်းဆိုင်ရာကိစ္စတစ်ခုကို မစဉ်းမစား ပြောလိုက်တာပဲလို့ ကျွန်တော်ထင်တယ်။

ကိုယ်ပိုင်ဆိုင်တဲ့ခေတ်ကလေးကို အကောင်းဆုံးလို့ပြောချင်တာနဲ့ နောင်လာမယ့် တိုးတက်မှုတွေကို ဒီထက်ပိုပြီးကောင်းအောင် မျိုးဆက်ချပေးနိုင်သူတွေ ဖြစ်ရမယ်။ ကျွန်တော်တို့ခေတ်ထက် နောက်ခေတ်ကလူတွေ ပိုညံ့သွားမယ်ဆိုရင် ကျွန်တော်တို့ မျိုးစေ့ချမှု ညံ့ဖျင်းလို့ပဲ။

အရင်ခေတ်တွေကနဲ့စာရင် ဒီခေတ်ဟာ ဝတ္ထုတိုတွေ အရေအတွက်များပြား ဖောင်းပွလာတာ မှန်တယ်။ ပုံသဏ္ဌာန်ပိုင်းဆိုင်ရာမှာရော၊ အကြောင်းအရာပိုင်းမှာပါ တိုးတက်သစ်လွင်လာတာလည်း မြန်တယ်။ ဝတ္ထုတိုရေးဆရာတချို့ ပိုက်ဆံဆိုတာကို မြင်ဖူးလာတာလည်း မှန်တယ်။ ဒါပေမဲ့ ဒီအချက်တွေလောက်နဲ့တော့ အကောင်းဆုံးခေတ်၊ ရွှေခေတ်လို့ မပြောနိုင်သေးပါဘူး။ စာပေဆန်တဲ့ ဂုဏ်အင်္ဂါမြောက်မှု၊ စာပေရဲ့ ရိုးသားဆန်းကြယ်မှု အပိုင်းမှာ ချို့ယွင်းချက် အနည်းငယ်တော့ ရှိနေတယ်လို့ ကျွန်တော်ထင်တယ်။

ဒီလိုတွေပြောနေတာဟာ ကိုယ့်ခေတ်ကို မကောင်းမြင်တဲ့ လူတစ်ယောက်မို့ပြောနေတာ မဟုတ်ပါဘူး။ ကျွန်တော်က ကိုယ့်ခန္ဓာပေါ်မှာပဲ ရောဂါဘယရှိနေတယ်ဆိုရင် သဲဆပ်ပြာကြမ်းကြမ်းနဲ့ အစပ်ခံပြီး တိုက်ချပစ်ချင်တဲ့ လူတစ်ယောက်ပါ။ ကျွန်တော်တို့ ပိုင်ဆိုင်ထားတဲ့ခေတ်ကြီးကို အကောင်းဆုံးဖြစ်အောင်ကြိုးစားဖို့ဆိုတာ ကျွန်တော်တို့ရဲ့ အပြစ်အနာအဆာတွေကို မတိုက်ချွတ်ဘဲ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ။ လိုရင်းပြောရရင် ဝတ္ထုတိုရွှေခေတ်ဆိုတာကို ကျွန်တော် လက်မခံသေးဘူး။ အဘက်ဘက်က ဝေဖန်ဆန်းစစ်စရာတွေ အများကြီး ရှိသေးတယ်။ တစ်နည်းအားဖြင့် ပြန်ပြောဖို့စရာသေးတယ်။ တစ်နည်းအားဖြင့် ဒီထက်ကောင်းတဲ့ ခေတ်တွေကို ကျွန်တော် မျှော်လင့်နေဦးမယ်။

၁၉၉၀ပြည့်နှစ်ကာလ လွန်ခဲ့သော(၃၄)နှစ်က ကျွန်တော်၊ နေမျိုး၊ အောင်ဘညိုတို့နှင့်အတူ မေးမြန်းခဲ့သော 'ဆရာပိုင်စိုးဝေ အင်တာဗျူး'တွင် စုစုပေါင်း မေးခွန်း ၃၅ခုဖြစ်သည်။ ယင်းမေးခွန်းများနှင့် ဆရာပိုင်စိုးဝေဖြေကြားပေးခဲ့သော အဖြေများကို ပြန်ဖတ်ကြည့်မိရင်း ကွယ်လွန်သွားပြီဖြစ်သော(ကိုနေအောင်)ဆရာပိုင်စိုးဝေကို နှမြောတသ လွမ်းဆွတ်နေမိသည်။

ထို့အတူ ကျွန်တော်တို့နှင့် ရေးဖော်ရေးဖက် ကဗျာဆရာ အောင်ဘညိုလည်း မရှိရှာတော့ပြီ။ နေမျိုးနှင့် ကျွန်တော်သာ သက်ရှိထင်ရှား ကျန်ရှိနေသည်။

ယနေ့အချိန်အထိ ဆရာပိုင်စိုးဝေနှင့် ကဗျာဆရာ အောင်ဘညိုတို့နှစ်ယောက် ကျန်ရှိနေသေးလျှင် ယခင်လို ကဗျာအကြောင်းတွေ ကျွန်တော်တို့ ပြောဆိုဆွေးနွေး ငြင်းခုန်နိုင်ကြပါဦးမည်လော။ ဆရာပိုင်စိုးဝေ ဖြေကြားပေးခဲ့သော အဖြေများထဲမှ ဘဝင်မကျသော အဖြေများကို ပြန်လည်မေးခွန်းထုတ်ပြီး ဆရာပိုင်စိုးဝေဆီမှ နောက်ထပ်ဖြေကြားမည့် အဖြေများကို ကျွန်တော် နားထောင်ကြည့်ချင်သေးသည်။

'မာဆိုး'ဆိုသည့် ဘုံကလောင်ဖြင့် ရေးခဲ့သည့် 'ကမ်းပါးမရှိတဲ့ မြစ်တစ်စင်း' အင်တာဗျူးဆောင်းပါးသည် ကျွန်တော့်ရင်ကို ဖြတ်သန်းစီးဆင်းပြီး ကျွန်တော့်အသည်းနှလုံးကို တိုက်စားချေမွသွားခဲ့သည်ဟု ဆိုရပေမည်။

ဆောင်းပါးတွင် မေးခွန်း ၃၅ခုရှိသော်လည်း တကယ်တမ်းသိလိုသည့် မေးခွန်းမှာ ၃၀ပင် မပြည့်ချေ။ ဆရာပိုင်စိုးဝေနှင့် အစချီအချ ပြောသော စကားပြောများဖြင့် ဆောင်းပါးကို မလေးမအီအောင် ပြုပြင်ဖန်တီးခဲ့ကြခြင်းကို အမှန်အတိုင်း ဝန်ခံရပေမည်။

ဆောင်းပါးအဖွင့် ကျွန်တော်မေးခွန်းနှင့် စဖွင့်ခဲ့သလို ဆောင်းပါးအပိတ်တွင်လည်း ကျွန်တော်မေးမြန်းခဲ့သော မေးခွန်းဖြင့် ဆောင်းပါးကို အဆုံးသတ်ဖြစ်ကြသည်။

ကျွန်တော်တို့သည် စကားပြေထက် ကဗျာကို ပိုမိုမြတ်နိုးခုံမင်ကြသဖြင့် ကဗျာနှင့်ပတ်သက်သည့်မေးခွန်းကို ကျွန်တော်မေးကြည့်ခဲ့ခြင်း ဖြစ်သည်။ ကျွန်တော်မေးခဲ့သောမေးခွန်းမှာ 'ကဗျာ··· ဘယ်ခေတ်ရောက်နေပြီလဲ'ဟု ဆိုသော မေးခွန်းပင် ဖြစ်ပါသည်။

ခေတ်သက္ကရာဇ်များသည် မြစ်တစ်စင်း၏ ရေစီးသံနှင့်အတူ တစ်သွင်သွင်စီးဆင်းနေသည်။



# စက်သုံးဆီကဏ္ဍအတွက် အမေရိကန်ဒေါ်လာ ၁၀ သန်းရောင်းချပေးမည်ဖြစ်၍ စက်သုံးဆီ ရည်ညွှန်းဈေး လျှော့ချ

**မန္တလေး စက်တင်ဘာ ၁၄**

မြန်မာနိုင်ငံဗဟိုဘဏ်မှ စက်သုံးဆီကဏ္ဍအတွက် စက်သုံးဆီတင်သွင်းသူလုပ်ငန်းရှင်များအား အမေရိကန် ဒေါ်လာ ၁၀ သန်း ရောင်းချပေးသွားမည်ဖြစ်၍ စက်သုံးဆီတင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူး၊ရောင်းချရေးကြီးကြပ်မှုကော်မတီမှ ရန်ကုန်အထိုင် ရည်ညွှန်းဈေးလျှော့ချ သတ်မှတ်ခဲ့သည်။

ယင်းသို့ လျှော့ချသတ်မှတ်ခြင်းဖြင့် စက်သုံးဆီဈေးနှုန်းများ ယခင်ရက်ကထက် တစ်လီတာလျှင် ပျမ်းမျှငွေကျပ် ၁၀၀ဝန်းကျင် ကျဆင်းခဲ့သည်ဟုဆိုသည်။

'စက်သုံးဆီကဏ္ဍအတွက် ဗဟိုဘဏ်က ဒေါ်လာ ၁၀ သန်း ရောင်းချပေးမယ်ဆိုတာ စက်တင်ဘာ ၁၂ ရက်က ကြေညာခဲ့တာပါ။ စက်သုံးဆီအထိုင်ဈေးလည်း လျှော့ချပေးလိုက်တော့ စက်သုံးဆီဈေးကျသွားတယ်လို့ ပြောရမယ်'ဟု စက်သုံးဆီအရောင်းဆိုင်မန်နေဂျာတစ်ဦးက ပြောသည်။

စက်တင်ဘာ ၁၃ ရက်က စက်သုံးဆီရည်ညွှန်းလက်ကားဈေးနှုန်းများမှာ မန္တလေးတွင် ၉၂ ဆီမှာ တစ်လီတာ ငွေကျပ် ၃၁၃၅၊ ၉၅ ဆီမှာ တစ်လီတာ ငွေကျပ် ၃၂၇၅၊ ရိုးရိုးဒီဇယ်မှာ တစ်လီတာ ငွေကျပ် ၂၆၇၀နှင့် ပရီမီယံဒီဇယ်မှာ တစ်လီတာ ငွေကျပ် ၃၃၃၅ ဖြစ်ကြောင်း၊ ရန်ကုန်နှင့် မန္တလေးစက်သုံးဆီဈေးရည်ညွှန်းဈေးများမှာ သယ်ယူမှုခရီး အကွာအဝေးအရ တစ်လီတာလျှင် ပျမ်းမျှ ငွေကျပ် ၁၀၀ ဝန်းကျင်ကွာကြောင်း သိရသည်။




'စက်သုံးဆီကဏ္ဍအတွက် စက်သုံးဆီလုပ်ငန်းရှင်တွေကို အမေရိကန်ဒေါ်လာ သန်း ၁၀၀ ပံ့ပိုးမယ်လို့ မြန်မာနိုင်ငံဗဟိုဘဏ်က ပြီးခဲ့သည့် ဩဂုတ်လအတွင်းမှာ ကြေညာခဲ့တယ်။ယခုတစ်ခါ အမေရိကန်ဒေါ်လာ ၁၀ သန်း ရောင်းချပေးမယ်လို့ ကြေညာတာက ဒုတိယအကြိမ်ပါ'ဟု ၎င်းက ဆက်လက်ပြောကြားသည်။

စက်သုံးဆီ ရန်ကုန်အထိုင်ဈေးများအရ စက်တင်ဘာ ၁၃ ရက်တွင် တစ်လီတာလျှင် ၉၂ ဆီမှာ ၁၆၅ ကျပ်၊ ၉၅ ဆီမှာ ၁၆၀ ကျပ်၊ရိုးရိုးဒီဇယ်မှာ ၁၀၀ ကျပ်နှင့် ပရီမီယံဒီဇယ်မှာ ၁၂၀ ကျပ် ကျဆင်းခဲ့ကြောင်း ရည်ညွှန်းဈေးနှုန်းများအရ သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၉)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး နေ့စဉ်

## တကယ့်အရှိ

* ချစ်ခင်နှစ်သက်
လွန်စုံမက်လည်း
ရေပွက်ပမာ
ခဏတာတွင်
တွယ်တာသမုဒယ
ချစ်ဒုက္ခသည်
မလှလေးဖြာ
ဓာတ်အလွှာတည့် ။

* စက္ခုအမြင်
စိတ်လွင်ပြင်ကို
အထင်သူပဲ
လှရှာသည်းလည်း
ထဲထဲဝင်ဝင်
ပရမတ်သွင်ကား
အထင်မရှိ မမြဲသိမို့
အသိကို ပွား
သတိထား၍
မနားဘာဝနာ
တိုးရှုပါမှ
အမှုနည်းမည်
အေးငြိမ်းဆီ သို့ ။

ရေချမ်း မန်း

# ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံ(မန္တလေး)တွင် CTME အခမ်းအနားကျင်းပ



**မန္တလေး စက်တင်ဘာ ၁၄**

ခုတင်(၁၀၀)ဆံ့တိုင်းရင်းဆေးရုံ(မန္တလေး)၊ မန္တလေးတိုင်းဒေသကြီးတိုင်းရင်းဆေးပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ တိုင်း/ခရိုင်တိုင်းရင်းဆေးဆရာအသင်းတို့ ပူးပေါင်းစီစဉ်ကျင်းပသော တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ်ပညာပေးရေးအစီအစဉ်ကို (၅)ကြိမ်မြောက် CTME အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အိုးဘိုရွှေကျင်ရပ်ကွက်၊ ခုတင်(၁၀၀)ဆံ့တိုင်းရင်းဆေးရုံ(မန္တလေး)အစည်းအဝေးခန်းမတွင် ကျင်းပသည်။

CTME အခမ်းအနားတွင် သဘာပတိများအဖြစ် ဦးသံချောင်း၊ ခုတင်(၁၀၀)ဆံ့တိုင်းရင်းဆေးရုံ အုပ်ကြီး(ငြိမ်း)၊ ဦးစန်းလွင်၊ တိုင်းဒေသကြီးဦးစီးဌာနမှူး(ငြိမ်း) တိုင်းရင်းဆေးပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးတို့က ဆောင်ရွက်ကြပြီး သဘာပတိက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ခုတင်(၁၀၀)ဆံ့တိုင်းရင်းဆေးရုံဒုတိယဆေးရုံအုပ်ဒေါ်သိန်းထိုက်က CTME အခမ်းအနားဖြစ်မြောက်ရေးကူညီပံ့ပိုးသူ ဦးချစ်ဦးဖြေ+ဒေါ်စန္ဒာဝင်း(မာဃဒေဝဆေးတိုက်)ပဲခူးမြို့အား ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး ဒေါ်သီဂီထွန်း၊အကြီးတန်းတိုင်းရင်းဆေးမှူး ခုတင်(၁၀၀)ဆံ့တိုင်းရင်းဆေးရုံက အရိုးကျီးပေါင်းရောဂါအကြောင်း ဟောပြောရာ တက်ရောက်လာသူများ၏ သိလိုသည်များ မေးမြန်းမှုအပေါ် ပြန်လည်ရှင်းလင်းဖြေကြားသည်။ **(အပေါ်ဝဲပုံ)**

CTME အခမ်းအနားသို့ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)မှ ဆရာ၊ ဆရာမများ၊ တိုင်းရင်းဆေးခန်းမှူးများ၊ အလုပ်သင်ဆရာ၊ ဆရာမများဖိတ်ကြားထားသူများ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(မန္တလေးတိုင်းဒေသကြီး) အလုပ်အမှုဆောင်များဖြစ်သော ဦးသင်း၊ ဦးကျော်ကျော်ဦး၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

(ဝ၇ဝ)




# ရေဘေးနှင့် မြေပြိုဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး၊အောင်လံခရိုင်၊ဆင်ပေါင်ဝဲမြို့နယ်၊မီးသတ်ဦးစီးဌာနမှ မြို့ပေါ်ရပ်ကွက်များသို့ ရေဘေးနှင့် မြေပြိုဘေးအန္တရာယ်ဆိုင်ရာကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ခြင်းကို ယမန်နေ့ညနေ ၅ နာရီက လိုက်လံနှိုးဆော်ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါလိုက်လံအသိပေးနှိုးဆော်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်မီးသတ်ဦးစီးမှူး ဦးချစ်ထွေးနှင့် တပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်အတွင်းရှိ ပြည်သူများမှသိရှိလိုက်နာ ဆောင်ရွက်နိုင်စေရန် ရေဘေးနှင့်မြေပြိုဘေးအန္တရာယ်တို့ ဖြစ်ပေါ်လာပါက ကြိုတင်သတိပြုကာကွယ်နိုင်စေရန်၊ သတိပြုရှောင်ရှားသင့်သည့်အပြုအမူများကို သိရှိစေရန် အသိပညာပေးချက်များအား လှည့်လည်အသိပညာပေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ခနဲ့ဝင်း(ဆင်ပေါင်ဝဲ)**

# ချမ်းအေးသာစံမြို့နယ်စာရေးဆရာအသင်း လပတ်အစည်းအဝေး ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၄**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ စာရေးဆရာအသင်း၏ လပတ်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက လမ်း ၉၀၊ ၂၆လမ်းထောင့်ရှိ ဦးဟန်သောင်း(ရဲဘော်-ဟန်သောင်း)နေအိမ်တွင် ကျင်းပသည်။

ရှေ့ဦးစွာ ချမ်းအေးသာစံမြို့နယ်၊ စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးသန်း(မောင်သန်း-မဟာဝိဇ္ဇာ)က အမှာစကားပြောကြားပြီး ယခင်လအစည်းအဝေးမှတ်တမ်းကို ဖတ်ကြားအတည်ပြုသည်။

ထို့နောက် အမှုဆောင်အဖွဲ့ဝင် ဒေါက်တာ ထွန်းမောင်၊ စိုင်းအောင်မိန်း(မိုတိုင်း)နှင့် အတွင်းရေးမှူး ဒေါ်တင်မမခိုင်(မန်းတက္ကသိုလ်)တို့က စာပေရေးရာများ ဆွေးနွေးသည်။

ဆက်လက်၍ ဘဏ္ဍာရေးမှူး ဒေါ်မမနိုင်(မြန်မာ့ရုပ်သေး)က မြို့နယ်စာရေးဆရာအချို့၏ ကျန်းမာရေးကူညီထောက်ပံ့မှုလိုအပ် ပုံ၊ အခက်အခဲများကို လူမှုရေးအရ ကူညီပံ့များကို တင်ပြသည်။

စာရေးဆရာ ဦးကြည်လွင်မြင့်(မုဒြာ)က ကျန်းမာရေးအတွက် ငွေကျပ် နှစ်သောင်း၊ နိုင်ငံတော် အဆင့် ကန်တော့ခံပညာရှင် ဆရာမကြီး ဒေါ်အေးအေးခိုင်(ပညာရေး)က ကျန်းမာရေးချို့တဲ့သူ သုံးဦးအတွက် ငွေကျပ် တစ်သောင်းငါးထောင်၊ တရားလွှတ်တော်ရှေ့နေကြီး ဒေါ်သန်းသန်းဝင်းက ငွေကျပ် တစ်သောင်းလှူဒါန်းရာ အလှူငွေလိုအပ်သော စာရေးဆရာ သုံးဦးထံ သွားရောက်ကူညီပံ့ပိုးကြောင်း ဦးမင်းဟန်က တင်ပြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(ဝ၄၃)

# မန္တလေးမြို့ခံအသင်းအဖွဲ့များနှင့်ပြည်သူများ၏ရေဘေးသင့်ဒေသများသို့ကူညီကယ်ဆယ်ရေးလုပ်ရှားနေမှုများ



မန္တလေးတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်ရာဒေသများသို့ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့နှင့် ပရဟိတအသင်းများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသလိုမန္တလေးမြို့ခံအသင်းအဖွဲ့များနှင့် ပြည်သူများကလည်း တတ်နိုင်သည့်နေရာမှ လူအားငွေအားဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

"မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)အနေဖြင့် မန္တလေးတိုင်းအတွင်းမှာ ဝမ်းတွင်းမြို့နယ်၊ မြစ်သားမြို့နယ်၊ တံတားဦးမြို့နယ်တွေမှာ ကယ်ဆယ်ရေးလုပ်ငန်းများကို နယ်မြေခံကယ်ဆယ်ရေးအဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ မြေပြင်အနေအခြေကတော့ စက်တင်ဘာ ၁၃ရက်မှ ရေစီးအရမ်းသန်နေတော့ လှေတွေမှောက်ကြတယ်။ ကယ်ဆယ်ရေးလုပ်ရတာ ခက်ခဲပါတယ်။ ရိုးရိုးလှေတွေနဲ့ ကယ်ဆယ်ရေးသွားကြတော့ သူတို့ကို ပြန်လိုက်ကယ်ဆယ်နေရပါတယ်။ လက်ရှိမှာတော့ ကယ်ဆယ်ရေးစခန်းတွေ ဖွင့်ပြီး စားနပ်ရိက္ခာတွေ ကူညီပေးဖို့လိုအပ်ပါတယ်။ ရေကြီးနစ်မြုပ်လို့ ဆုံးရှုံးပျက်စီးမှုတွေများတော့ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေအတွက် အကူအညီတွေ အများကြီးလိုအပ်တယ်"ဟု **မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**မှ ရုံးအဖွဲ့မှူးက ပြောသည်။

"ကျောက်ဆည်နဲ့မြစ်သားကြားက ကျေးရွာတွေမှာ ထမင်းစားစရာကို မရှိဘူးလို့ ဒေသခံတွေရဲ့ အကူအညီတောင်းခံမှုကို စက်တင်ဘာ၁၆ရက်မှာ ခေါက်ဆွဲခြောက်တွေ၊ မုန့်ကြွပ်၊ ထမင်းဘူးတွေ သွားရောက်လှူဒါန်းသွားမှာပါ။ ရေကျဆင်းသွားပြီးနောက်ပိုင်း သန့်ရှင်းရေးလုပ်ဖို့ ဆပ်ပြာရည်တွေလိုပါမယ်။ ဆပ်ပြာရည်ကိုလည်း အကုန်အကျမများအောင် ကိုယ်တိုင်ဖျော်ပြီး ဖလီတာရေသန့်ဘူးတွေနဲ့ထည့်ပြီး လှူဒါန်းသွားမှာပါ။ ရေသန့်ဆိုလည်းများများ လှူနိုင်အောင် ကိုယ်ပိုင်ရေသန့်စက်ကနေ ဘူးလွတ်တွေနဲ့ထည့်ပြီး များများဝေနိုင်အောင် စီစဉ်ထားပါတယ်။ စက်တင်ဘာ၁၄ရက်အထိအလှူခံနေတာ ငွေကျပ်သိန်း ၁၀၀ကျော်ရရှိနေပါပြီး ပါဝင်လှူဒါန်းလိုသူတွေများအနေဖြင့် ၀၉-၇၉၂၀၂၄၇၆၂ ဦးဝဏ္ဏဇင်ဆီကို(ရေဘေးအလှူ)ဟု မှတ်ချက်ရေးပြီးပေးပို့ လှူဒါန်းနိုင်ပါတယ်"ဟု **မန္တလေးတက္ကသိုလ် ၁၉၉၆ခုနှစ်သတ္တဗေဒသူငယ်ချင်းများ အဖွဲ့ဝင်ဦးဝဏ္ဏဇင်**က ပြောသည်။

"မန္တလေးပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်းအနေနဲ့ စက်တင်ဘာ ၁၄ ရက်မှာ အသင်းရဲ့လူစုံပါဝင်တဲ့ စုံညီအစည်းအဝေးမှာ ရေဘေးအတွက်အသင်းမှ မ,တည်ငွေကျပ်သိန်း ၅၀၀နဲ့ တစ်ပတ်အတွင်း ရရှိလာမယ့် အသင်းသားအလှူငွေတွေပေါင်းပြီး မန္တလေးတိုင်းဒေသကြီးအတွင်းက ရေဘေးသင့်ဒေသရှိ အိမ်ထောင်စုများကို ထောက်ပံ့လှူဒါန်းသွားမှာပါ။

အရင်လွန်ခဲ့တဲ့ ၁၀နှစ်ကလည်း ကလေးရေဘေး၊ ကောလင်းရေဘေး၊ ပွင့်ဖြူရေဘေးသုံးနေရာမှာ တစ်နေရာကို ငွေကျပ်သိန်း၂၀၀စီနဲ့ သိန်း၆၀၀ လှူဒါန်းခဲ့ပါတယ်။ အခုလည်း အသင်းမ,တည်ငွေနဲ့ အလှူငွေ တစ်ပတ်လောက် ကောက်ခံပြီး သွားရောက်လှူဒါန်းသွားမှာပါ။

လက်ရှိမှာ ရမည်းသင်း၊ ပျော်ဘွယ်၊ တပ်ကုန်းဘက်မှာလည်း အခြေအနေဆိုးတော့ လူငယ်ကုန်သည်တွေ ငွေကျပ်သိန်း၇၀၀ကျော်ကို ဒေသခံကုန်သည်တွေနဲ့ ပေါင်းပြီး သွားလှူနေပါတယ်"ဟု **မန္တလေးပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်း ဥက္ကဋ္ဌဦးသက်တင်**ကပြောသည်။

"ကျွန်တော်တို့အသင်းအနေနဲ့ကတော့ ရေဘေးကယ်ဆယ်ရေးအတွက် ရှေ့တန်းထိလိုက်ပါမဆောင်ရွက်နိုင်တော့ နောက်တန်းကနေ ကူညီကယ်ဆယ်ရေးဆောင်ရွက်နေတဲ့လူမှုရေးအသင်းအဖွဲ့တွေကို ငွေအားဖြင့်ပံ့ပိုးကူညီပေးသွားမှာပါ။ ဒီနေ့ အစည်းအဝေး ဆုံးဖြတ်ချက်ကတော့ အသင်းအနေနဲ့ ငွေကျပ်သိန်း၂၀၀ကျော်ကို ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တွေမှာ လှူဒါန်းသွားမှာပါ"ဟု **မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဝင်းဆွေး**က ပြောသည်။

"ကျွန်တော့်မိတ်ဆွေတွေစုပေါင်းကာ ဒေသသုံးစက်လှေအကြီးဝယ်ပြီး ကယ်ဆယ်ရေးလုပ်နေတဲ့သူတွေကို ကူညီကယ်ဆယ်ရေးကို တံတားဦးမြို့နယ် ဘလှဲ့ဘကျေးရွာအုပ်စုထဲက ကျေးရွာသုံးရွာမှာ ကူညီကယ်ဆယ်ရေးတွေလုပ်ပေးနေတာပါ။ အဓိကတော့ ပရဟိတအသင်းတွေက အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းတွေကို ဒေသခံတွေနဲ့ ဝိုင်းလုပ်ပေးတာပါ။ လက်ရှိမှာ ရေကြီးနစ်မြုပ်လို့ အိမ်တွေသာ မပျက်စီးတာ အိမ်တစ်ဝက်လောက်ထိ အကုန်ရေနစ်ကုန်တော့ ပျက်စီးတာများပါတယ်။ စိုက်ခင်းတွေ၊ မွေးမြူရေးလုပ်ငန်းတွေအကုန် ရေနစ်ကုန်ပါတယ်။ မွေးမြူရေးသမားတွေကတော့ အကုန်ဆုံးရှုံးသွားကြတာ။ ဝက်မွေးမြူရေးသမားတစ်ဦးဆိုရင် ဝက်ကောင်ရေ ၃၀၀၀ လောက်ရေထဲပါသွားတယ်။ လက်ရှိရေကျမသွားဘဲ အီနေတော့ ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆက်လုပ်ရဦးမှာပါ"ဟု **ကိုပြည်စုံအောင်(ဦးစက်ကြီးဖက်ထမင်း)နှင့် မိတ်ဆွေများ**ကပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ရေဘေးသင့်မြို့နယ်၊ ကျေးရွာများအတွက် အရေးပေါ်အစားသောက်များ၊ ရေသန့်၊ ရိက္ခာခြောက်၊ ဆေးဝါးများ လိုအပ်နေပြီး မန္တလေးမြို့ခံပြည်သူများက ဝိုင်းဝန်းလှူဒါန်းလျက်ရှိသည်။

**ရွှေမန်း**

## အီရတ်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် ချင်းတိုင်းရင်းသူနှင့် ရခိုင်တိုင်းရင်းသူတို့အား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

**ရန်ကုန် စက်တင်ဘာ ၁၄**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထားသည့် အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာသံရုံးများနှင့် ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ အီရတ်နိုင်ငံ အာဘေးမြို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ချင်းတိုင်းရင်းသူ Lal Lawm Tluangi နှင့်ရခိုင်တိုင်းရင်းသူ မစန္ဒီလင်းတို့အား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် ကိုင်ရိုမြို့ရှိ မြန်မာသံရုံးသည် ကာဒစ္စတန်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရထံသံတမန်စာပေးပို့၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊ SEED Organization နှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ၎င်းတို့နှစ်ဦးသည် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခွင့် (Exit permit)ရရှိခဲ့ရာ စက်တင်ဘာ ၁၂ ရက်တွင် Erbil-Istanbul-Bangkok-Yangon ခရီးစဉ်ဖြင့် ထွက်ခွာခဲ့ကြပြီး စက်တင်ဘာ ၁၄ ရက် နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့မှ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများအတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုကို အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ–သတင်းစဉ်**
**ဓာတ်ပုံ–ကန္နး**

၀–၀–၀–၀



**အသက်သည် သွေး၊ သွေးသည် အသက်။**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "@karen05479"TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဘောနက်ကြီးကျေးရွာနေ သက်ဖြိုးဦး(ခ)ဗညားထွန်းအား အမရပူရမြို့မ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လွှမ်းရတုစာစေ

## ရသမှန်ကူကွက်နှင့်မီဒီယာ

တစ်လောက ချမ်းမြသာစည်မြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက ဖုန်းဆက်သည်။ စာအုပ်မိတ်ဆက်နှင့် ရေးသူဖတ်သူ ဆွေးနွေးပွဲတစ်ပွဲ ကျင်းပမည်ဖြစ်၍ ဖိတ်ကြားခြင်းဖြစ်သည်။ လာဖြစ်အောင်ကြိုးစားမည်ဟု ကတိပေးလိုက်သည်။ မကြာမီ နောက်ဖုန်းတစ်ကောလ်ဝင်လာသည်။ ဆရာဘုန်းဇော်မိုး ဥဿာ(စာပေစေတမန်)က ဆက်ခြင်းဖြစ်သည်။ ထိုပွဲအတွက် ဖိတ်ကြားခြင်းပင် ဖြစ်သည်။ အဆင်ပြေလျှင် လာခဲ့မည်ဟု အကြောင်းပြန်လိုက်သည်။ ထိုရက်မတိုင်ခင်ရက်က ရုံးတွင် နေ့၊ ည တာဝန်ကျသည်။ နံနက်ပိုင်းတစ်ကြိမ်၊ ညဦးပိုင်းတစ်ကြိမ် ရုံးသွားရင်း မိုးမိခဲ့သည်။ ညပိုင်းတာဝန်ထမ်းဆောင်ချိန်တွင် ပြဿနာရှိလာသည်။ မိုးမိထားသည့်အရှိန်ဖြင့် နှာစေး၍ ဖျားချင်သလိုဖြစ်လာသည်။ ဆေးသောက်၍ တာဝန်ထမ်းဆောင်သည်။ နံနက် ၄နာရီတွင် အလုပ်ခေတ္တအနားယူခွင့်ရသည်။ ခဏတာလှဲ၍ အနားယူရင်း မေ့ခနဲ အိပ်ပျော်သည်။ ၅ နာရီခွဲတွင် စက်ပရုဖ်တစ်ကြိမ်လာပြ၍ စစ်ဆေးပြီး စားပွဲပေါ်မှ စာမူများကို ရှင်းလင်းသည်။ ညက မိမိသောက်ထားသော လက်ဖက်ရည်ပန်းကန်နှင့် ရေနွေးပန်းကန်တို့ကို ဆေးကြောသိမ်းဆည်းသည်။ ခန္ဓာကိုယ်ကိုက်ခဲလေးလံနေသည်။ ဖျားပြီဖြစ်သည်။ ၆ နာရီ ၁၅ မိနစ်တွင် ဒုတိယအကြိမ် စက်ပရုဖ်လာပြသည်။ စစ်ဆေးပြီး စက်ရိုက်မိန့် လက်မှတ်ထိုးသည်။ တာဝန်ပြီး အိမ်သို့ ၇ နာရီတွင် ပြန်ခဲ့သည်။ မိုးမှုန် အနည်းငယ်ကျနေသည်။ အိမ်ရောက်တော့ ကိုယ်လက်သန့်စင်ပြီး ဓမ္မာရုံသွား၍ သီလယူ တရားနာလာသည်။ မည်မျှအလုပ်များများ၊ နေကောင်းကောင်း၊ မကောင်းကောင်း တစ်ပတ်တစ်ကြိမ် သီလယူမပျက်ကွက်အောင် ကြိုးစားရသည်။ ဟန်ဆောင်မှုများ၊ မုသားများနှင့် ပြည့်နေသော ပတ်ဝန်းကျင်မှ တစ်ရက်တာရှောင်နေလိုက်သည်။ ဓမ္မာရုံမှ ၉ နာရီခွဲတွင် ပြန်ခဲ့သည်။ မိုးကရွာလာပြီး စာပေပွဲသို့ သွားရန် မဖြစ်နိုင်တော့ အဆင်ပြေက လာနိုင်ရန် ကြိုးစားမည်ဟု ကတိခံထားသဖြင့် ယခုကျန်းမာရေး၊ ရာသီဥတုအဆင်မပြေ ထို့ကြောင့် အားနာစွာဖြင့်ပင် အခြေအနေအရ စိတ်မကောင်းစွာ ပျက်ကွက်ခဲ့သည်။ သို့သော် ဆရာဘုန်းဇော်မိုး ဥဿာ(စာပေစေတမန်)က ကျွန်တော်ဖတ်ရန် စာအုပ်လက်ဆောင်ပို့ပေးပြီး ဖြစ်သည်။ ထို့နေ့က ဥပုသ်နှင့်မို့ စာလည်းမဖတ်ဖြစ်၊ နောက်တစ်နေ့မှ ဖတ်ရသည်။

စာအုပ်တစ်အုပ်လုံးကို အသာထား စာတစ်ပုဒ်၊ ကဗျာတစ်ပုဒ်ရေးရန်ပင် လွန်စွာ အားစိုက်ရသည်။ စာတစ်ပုဒ်ရေးရန်အတွက် အရေးအကြီးဆုံးမှာ စေတနာရည်ရွယ်ချက်ဖြစ်သည်။ ထိုစာကို ရေးသူက မိမိခံစားချက်စေတနာဖြင့် ရေးနေရုံဖြင့် တာဝန်မကျေ၊ စာဖတ်သူမည်သည့်အကျိုးကျေးဇူးရသည်နည်း၊ မည်သည့်ရသကို ပေးစွမ်းနိုင်သနည်းဟုလည်း စဉ်းစား၍ ရေးသားနိုင်လျှင် အကောင်းဆုံးဖြစ်သည်။ မိမိ၏ခံစားချက်ကိုသာ ဦးစားပေးရေးခြင်းနှင့် အများအတွက်ပါစဉ်းစား၍ ရေးပေးခြင်းဟု ရည်ရွယ်ချက်နှစ်မျိုးရှိတတ်သည်။ စာပေဟူသည် လူသားများ၏ လောကမှ လူသားများ၏ အဖြစ်အပျက်၊ ခံစားမှုများကို ခံစား၍ ဖွဲ့ဆိုရေးသားကြခြင်းပင်ဖြစ်သည်။ ထို့ကြောင့် လူသားများ ငြိမ်းချမ်းရေး၊ အမုန်းတရားများ ကင်းဝေးစေရေး၊ အစွန်းရောက်မှုများကို ပယ်ဖျက်နိုင်ရေး၊ လူသားအချင်းချင်း ချစ်မေတ္တာ၊ အကြင်နာ၊ ကရုဏာ၊ မုဒိတာတရားများ ဖြစ်ပွားစေမည့် သုတ၊ ရသ၊ စာပေများကိုသာ ဦးတည်စေတနာဖြင့် ရေးသားသင့်ပေသည်။ ထိုအချက်သည် စာတစ်ပုဒ်၊ ကဗျာတစ်ပုဒ်ကို စာဖတ်သူ၏ ရင်ထဲသို့ စေတနာဖြင့် ပို့ဆောင်သည်မည်ပေသည်။ စာရေးတစ်ဦးသည် မိမိဖတ်မှတ်လေ့လာထားသော စာပေပုံစံ၊ နည်းစနစ်ဖြင့် ရည်ရွယ်ချက်ရောက်အောင် ဖန်တီးခြင်းသည် အရေးအသားဖြင့် ပို့ဆောင်ပေးခြင်းမည်ပါသည်။ လူ့သဘာဝ၊ အဖြစ်အပျက်၊ ခံစားမှုတို့ကို စာဖတ်သူရင်ထဲရောက်စေမည့် အကြောင်းအရာကို ရွေးချယ်တင်ပြခြင်းသည်လည်း အကြောင်းအရာဖြင့် ပို့ဆောင်ပေးခြင်းမည်သည်။ထို့ကြောင့် စာကောင်းတစ်ပုဒ်၊စာတစ်အုပ်ကို ဖြစ်တည်စေရန် စေတနာအကြောင်းအရာပိုင်း ရှာဖွေခံစားတင်ပြတတ်မှုကို ပေါင်းစပ်ဖွဲ့စည်းရသည်ဟု ဆိုရမည်ဖြစ်သည်။ စာရေးသူတို့ တစ်သက်လုံးစုဆောင်းခဲ့သည့် ဗဟုသုတ၊ အတွေ့အကြုံ၊ အတတ်ပညာများအပြင် ကောင်းမွန်သောစေတနာပါ ပေါင်းစပ်မှသာ စာကောင်းတစ်ပုဒ်၊ စာတစ်အုပ်ရနိုင်ပေသည်။




ယခုဖတ်ဖြစ်သော စာအုပ်မှာ စိုင်းမြတ်သူရွှေဘို(စာပေစေတမန်)စီစဉ်တည်းဖြတ်သည့် စာပေစေတမန်(၉)နှစ်ပြည့် အထိမ်းအမှတ်အဖြစ်ထုတ်ဝေသော လွှမ်းရတုစာစေနှင့် သုခုမ ဝတ်ရည်ရသကဗျာ၊ ဝတ္ထုတိုများ စာအုပ်ဖြစ်သည်။ ကလောင်စုံရေးသားထားသည်။ နန်းဆောင်အတွင်း သလွန်တော်ပေါ်တွင် မင်းညီမင်းသားတစ်ပါး စောင်းတီးနေပုံမျက်နှာဖုံးဖြင့် သပ်ရပ်စွာ ချုပ်လုပ်ထားသည်ကို တွေ့ရသည်။ မာတိကာကိုကြည့်၍ အဖေနေ့ဝတ္ထုတိုပြိုင်ပွဲဆုရ ဝတ္ထုတိုသုံးပုဒ်ကို ဦးစွာ ဖတ်မိသည်။ ဆမား ဦးခင်(သေနပဂ)၏ 'အဖေ့ကို သနားတယ်' ဝတ္ထုတိုတွင် ပင်ပင်ပန်းပန်းလုပ်ကိုင်စားသောက်ရသော အခြေခံမိသားစုနှင့် ပတ်ဝန်းကျင်အကြောင်းကို ရေးဖွဲ့ထားသည်။ ဖခင်ဖြစ်သူက အလုပ်သွားချိန်၊ မိခင်သည် လောင်းကစားဝိုင်းတွင် အချိန်ကုန်ပြီး အကြွေးတင်သောအခါ လူပွဲစားမ၏ မက်လုံးပေးခေါ်ဆောင်ရာသို့ ပါသွားပုံ၊ ကလေးငယ်၏ သနားစရာအဖြစ်၊ ဖခင်၏ရင်တွင်းခံစားချက်၊ ပတ်ဝန်းကျင်၏ ဝိုင်းဝန်းကူညီမှုတို့ကို ဝတ္ထုတိုအသွင်၊ ဇာတ်ပျိုး၊ ဇာတ်နှိုး၊ ဇာတ်ဆင်း၊ ဇာတ်ထွင်၊ ဇာတ်သိမ်းဆိုသည့် အတတ်ပညာဆိုင်ရာ ဝတ္ထုအင်္ဂါရပ်များကို နေရာရွေ့၍ စိတ်ဝင်စားဖွယ်ဖြစ်အောင် အရေးအသားပိုင်း အတတ်ပညာဖြင့် တင်ပြထားသည်။ စာရေးသူ၏ သိစေလိုသောစေတနာ၊ အရေးအသားပိုင်း၊ အကြောင်းအရာပိုင်းတို့မှ တင်ပြချက်များမှာ အဆင်တပြေ ရှိသည်။ ဖတ်၍မငြီး၊ ရှည်လျားစွာဖြင့်လည်း ဇာတ်မျောမနေ၊ ဇာတ်ဆောင်၏ အနာဂတ်အရေးကို ကြိုတွေး၍ ရင်လေးကာ လူကုန်ကူးအန္တရာယ်ကို သတိထားမိစေခြင်းဖြင့် နိဂုံးမြုပ်ထားသည်။ စေတနာ၊ အရေးအသားပိုင်း၊ အကြောင်းအရာပိုင်းတို့ကို ဇာတ်ဆောင်၏ စရိုက်တို့ဖြင့် ခြယ်မှုန်းရာတွင် အချိုးကျလှပသည်။ ထို့ကြောင့် ဆုရွေးချယ်ခံရခြင်းဖြစ်မည်ဟု တွေးမိသည်။ သျှင်သွေးငယ်၏ 'ပြန်လာပေးပါဖေဖေ' နှင့် ပိုင်ပိုင်၏ 'အနှစ်မေတ္တာ ရောင်စဉ်ဖြာ' တို့သည်လည်း အဖေဟူသော ဇာတ်ဆောင်ဗဟိုပြု ဝတ္ထုတိုကောင်းများဖြစ်သည်။ စေတနာ၊ ရည်ရွယ်ချက်၊ အရေးအသား၊ ဇာတ်ဆောင်စရိုက်တို့ ပီပြင်အောင် ရေးဖွဲ့ထားသော ဝတ္ထုတိုကောင်းများအဖြစ် မှတ်ချက်ပြုမိသည်။

ဆက်လက်၍ ဘုန်းဇော်မိုး ဥဿာ၏ 'လွှမ်းရတုစာစေ'ကို ဖတ်မိသည်။ ရာဇဝင်နှင့် စာပေသမိုင်းဆိုင်ရာကို ဝတ္ထုတိုသဖွယ် စိတ်ဝင်စားအောင် ရေးဖွဲ့ထားခြင်းဖြစ်သည်။ ရှေးစာဆိုတို့၏ သမိုင်းကြောင်းနှင့်စာပေတို့ကို မှတ်တမ်းတင်သိစေလိုသော စေတနာဖြင့် ရေးဖွဲ့ထားခြင်းဖြစ်သည်။ ဇာတ်ဆောင်များမှာလည်း အမှန်တကယ်ရှိခဲ့သော နတ်သျှင်နောင်၊ ရာဇဓာတုကလျာတို့ကို အသက်ဝင်လာအောင် သရုပ်ဖော်ဖွဲ့ဆိုထားသည်။ ရာဇဝင် အသုံးအနှုန်းများကို ကြေညက်အောင် လေ့လာထားမှ ထိုဝတ္ထုမျိုးရေး၍ရမည်ဖြစ်သည်။ နတ်သျှင်နောင်နှင့်ရာဇဓာတုကလျာတို့၏ ရတုကဗျာများဖြင့် ဖတ်ချင်စဖွယ် တန်ဆာဆင်ထားသည်။ အကြောင်းအရာပိုင်းသည် ခိုင်မာမှုရှိပြီးဖြစ်သည်။ ချစ်သူများ၏ အကြင်နာကြီးမှုကို ပေါ်လွင်စေသော ဝတ္ထုတိုကောင်းတစ်ပုဒ်ဖြစ်သည်။ စာအုပ်တွင် ဝတ္ထုတို ၁၇ ပုဒ်ကို ထည့်သွင်းဖော်ပြထားသည်။

ကဗျာအနေဖြင့် ၃၅ ပုဒ်ကို ဖော်ပြထားသည်။ ကဗျာများကို ကြည့်လျှင်လည်း မွေးနေ့၊ ရာသီဖွဲ့၊ စုပေါင်းအား၊ လက်ဦးဆရာ၊ မြတ်သောရဟန်း၊ ယသော်ဓရာအလွမ်း၊ မြန်မာ့စာပေ၊ ပြုံးတတ်ခြင်းအနုပညာ စသည့် အဆိပ်အတောက်ကင်းပြီး သုတရစေသော ကဗျာများကို တွေ့ရသည်။ ထိုအထဲမှ ဆရာ ရဝေထွန်း(ဒီပဲယင်း)၏ 'အိမ်' ဟူသော ကဗျာလေး ဖတ်မိသည်။ ထန်းရွက်မိုး၊ နေပြောက်ထိုးသော အိမ်ကလေးဖြစ်သော်လည်း သင့်မြတ်ညီညွတ်သော အိမ်သားများ၏ နွေးထွေးသောနှလုံးဖြင့် မေတ္တာခြုံသောအိမ်ဖြစ်ကြောင်း အမိနှင့်အဘ၊ သား၊ သမီးမောင်နှမတို့ ချစ်ခင်ညီညွတ်ကာ ပျော်မြူးသာယာ အိမ်မဟာကြီးအဖြစ် သတ်မှတ်နိုင်ကြောင်းကို ကဗျာဖြင့် သရုပ်ဖော်ထားခြင်းဖြစ်သည်။ မိသားစုတစ်ခု၊ ရွာတစ်ရွာ၊ မြို့တစ်မြို့၊ နိုင်ငံတစ်နိုင်ငံအနေဖြင့်လည်း နိမိတ်ပုံယူခံစားကြည့်နိုင်သော ကဗျာလေးဖြစ်သည်။

နောက်ထပ်နှစ်သက်သော ကဗျာလေးတစ်ပုဒ်ရှိသေးသည်။ စာဖတ်သူများ ခံစားကြည့်နိုင်ရန် မူရင်းတင်ပြပေးလိုက်ရပေသည်။

### ပြုံးတတ်ခြင်းအနုပညာ

* မင်းလာလည်းလှူ
အပူတွေရှိမှာပေါ့။
ယူခြင်းတွေလျော့။
* သူကလည်းလိမ်
အနိမ်ခံလှူဝင်မဆန့်။
သိမ်ငယ်ကာ အနာများရင်
စွာသွားရင်းစွန့်။
* ငါကလည်း ထူးမခေါ်
မြူးပျော်ဖို့ ရင်မလေး
အနိမ်ခံလှူတစ်စု
ကူမှုနှင့်ဝေး။
* သူကလည်းလှူ
တစ်မှုရယ်ထူးမခြား။
လူ့ဝန်းကျင်အသိုင်းအဝိုင်းမှာ
ရိုင်းချင်မလား။
* စာနာစိတ်နဲ့ ကိုယ်ချင်းစာ
လိုရင်းဟာ မေတ္တာတရား။
ဖြဟ္မစိုရ် နှလုံးဟပ်လို့
ပြုံးတတ်စေသား။ ။

မင်းလွင်(ကျောက်ကလေ)

စာအုပ်တစ်အုပ်လုံးကိုခြုံ၍ ကြည့်လျှင် ဖတ်သင့်၊ ဖတ်ထိုက် ဖတ်ပျော်သော ဝတ္ထုတိုများအပြင် ကဗျာလေးများကလည်း ရိုးဂုဏ်အပြည့်ဖြင့် ဆွဲဆောင်မှုရှိလှသည်ကို တွေ့ရသည်။ စာပေစေတမန် (၉)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ထုတ်ဝေခဲ့ကြောင်း တွေ့ရသည်။ စာပေစေတမန်ပရဟိတအဖွဲ့အဖြစ် ၂၀၁၅ မှ ၂၀၂၀ ထိ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် နယ်လှည့်စာကြည့်တိုက်သို့အတွက် ပါဝင်ကူညီခဲ့ကြသည်။ စာပေစေတနာမန်(စာပေသုခုမရင်ပြင်) နာယကဆရာ ဘုန်းဇော်မိုး ဥဿာနှင့် စိုင်းမြတ်သူ(ရွှေဘို)တို့၏ ကြိုးပမ်းမှုများ ထင်ဟပ်နေသောစာအုပ်ဖြစ်၍ ဖတ်သင့်၊ ဖတ်ထိုက်၊ လေ့လာထိုက်သော စာအုပ်အဖြစ် ညွှန်းဆိုလိုက်ရပေသည်။

မီဒီယာ

# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ




## Supernatural ရိုက်ရင်း ဖူးစာဆုံခဲ့ကြသူများရှိ

ပရိသတ်အားပေးမှု တစ်ခဲနက် ရရှိထားသည့် လျှို့ဝှက်ဆန်းကြယ် Supernatural မိစ္ဆာဖမ်းသူများ ဇာတ်လမ်းတွဲ ရိုက်ကူးရင်း ဖူးစာဆုံခဲ့ကြသူများရှိခဲ့သည်ဟု ဟောလိဝုဒ် အတ်ဒိတ်တွင်ဖော်ပြသည်။

အဆိုပါ ဇာတ်လမ်းတွဲကြီးသည် စုစုပေါင်းအတွဲ ၁၅တွဲနှင့်အပိုင်းပေါင်း ၃၂၇ပိုင်း ပြသခဲ့ရာ ၂၀၀၅ခုနှစ် စက်တင်ဘာ ၁၃မှ စတင်၍ ၂၀၂၀ နိုဝင်ဘာ ၁၅ရက်တွင် ဇာတ်သိမ်းခဲ့သည်။

ဇာတ်လမ်းတွဲကြီးတစ်လျှောက် သရုပ်ဆောင်ပေါင်းများစွာ ပါဝင်ခဲ့ပြီး ဇာတ်လမ်းတွဲတွင် ဖူးစာဆုံ၍ လက်တွဲဖော်ဖြစ်သွားသည့် စုံတွဲများလည်းရှိကြကာ စီဘီအာစာစောင် အစ်စဘယ်ကာလီစီ ပြုစုထားသည့် စာရင်းအရ စုံတွဲခြောက်တွဲရှိခဲ့သည်ဟု သိရသည်။

ပရိသတ်အားပေးမှုနှင့် Supernatural ကို ဆက်လက်ရိုက်ကူးစေချင်ကြသော်လည်း အကြောင်းကြောင်းကြောင့် ဆက်လက်ထုတ်လုပ်ခြင်းမရှိတော့ဘဲ ပျော်ရွှင်ဖွယ် မိသားစုများနှင့် နေထိုင်နေကြသည်။ SKY

## ကစီဓာတ်နည်းသော အစားအစာ စားသုံးလျှင် အခြားအာဟာရများ ပြည့်မီလာမည်ဟုမျှော်လင့်ရ



ကျန်းမာရေး လိုက်စားသူများအနေဖြင့် နေ့စဉ်ကျန်းမာရေးဘဝတွင် အာဟာရပြည့်ဝသော အစားအစာများကို မိမိတို့နှင့် ကိုက်ညီအောင် သတ်မှတ်စားသုံးလေ့ရှိကြသည်။ ကစီဓာတ်မများစေရန် အဆီဓာတ်မလွန်ကဲစေရန် ၄င်းတို့ ထိန်းချုပ်ပြီး စားသုံးကြရာမှ စားသောက်သည့် ပုံစံအမျိုးမျိုး ထွက်ပေါ်လာကြသည်။ ကစီဓာတ်လျှော့နည်းအောင် ထိန်းချုပ်စားသုံးရာမှ အမျှင်ဗီတာမင်နှင့်သတ္တုဓာတ်များ ကိုယ်တွင်းသို့ ပိုမိုဝင်ရောက်လာမည်ဟု မျှော်လင့်ရကြောင်း အမေရိကန်အာဟာရပညာရှင်များ မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း လင်းဆက်ဆေးပညာဂျာနယ်တွင်ဖော်ပြသည်။

ကစီဓာတ်လျှော့သော စားသောက်မှုပုံစံအကြောင်း ဗားမွန့်တက္ကသိုလ်မှ ဘက်သ်ဘရတ်ဒလေဦးဆောင်သော ပညာရှင်များ လေ့လာရာမှ ထိုသို့တွေ့ရှိခြင်းဖြစ်ကြောင်းသိရသည်။

SCI

## BTS မှ Jimin ၏ Like Crazy ကို မှုရင်းထက်ပိုမို နှစ်သက်နေကြ




K Popသီချင်းများကို အင်္ဂလိပ်ဗားရှင်းနှင့် ထုတ်လုပ်ခဲ့ကြသည့်အတွက် နိုင်ငံတကာ ပရိသတ် ကြိုက်နှစ်သက် အားပေးထားကြသော်လည်း BTSမှ Jimin၏ Like Crazy ကို နိုင်ငံတကာ ပရိသတ် ပိုမိုကြိုက်နှစ်သက်ခဲ့ကြပြီး Spotify တွင် တစ်သန်း ကျော် ရရှိခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ မူရင်းသီချင်းမှာ အင်္ဂလိပ်ဗားရှင်းဖြစ်ပြီး ချိုမြိန်သော ခံစားမှုကို ရရှိခဲ့ရာမှ Jimin၏ ကိုရီးယားဗားရှင်းနှင့် ချိုသာသော အသံပေါင်းစပ်မှုမှာ လိုက်ဖက်မှုရှိသဖြင့် ပို၍နားဝင်ပီယံရှိခဲ့သည်။

ယင်းအချက်များကြောင့် Jimin ၏ Like Crazy မှာ ကမ္ဘာ့နိုင်ငံတကာ ပရိသတ်ကြား ရေပန်းစားခဲ့ပြီး အားပေးမှုမြင့်မားစွာ ရရှိထားသည်။ SKY

## Lee Jung Jae က Yoo Jae Suk ၏ ပရိုဂရမ် ထုတ်လုပ်မှုအကြောင်း ပြောပြ





ဝါရင့်သရုပ်ဆောင် Lee Jung Jae က သူငယ်ချင်းဖြစ်သူ နိုင်ငံကျော် ပြည်သူ့အချစ်တော် MC Yoo Jae Suk သည် ရသစုံရှိုး ပရိုဂရမ်တစ်ခုကို ကိုယ်တိုင်ရိုက်ကူးတည်းဖြတ် ထုတ်လုပ် ဇာတ်ညွှန်းနှင့် ဒါရိုက်တာပါ လုပ်ကိုင်ခဲ့သည်ဟု ဂုဏ်ယူစွာ ပြောဆိုခဲ့သည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Lee Jung Jae က သူငယ်ချင်းဖြစ်သူ Yoo Jae Sukအကြောင်းကို Pingyego အစီအစဉ်တွင် ထုတ်ဖော်ပြောကြားခဲ့ရာ မအောင်မြင်မီက အခက်အခဲကိုယ်စီနှင့် နှစ်သိမ့်အားပေးခဲ့မှုများနှင့် ကျော်ဖြတ်ခဲ့ကြသော သူငယ်ချင်းကောင်းများ ဖြစ်ခဲ့ကြသည်ဟုဆိုသည်။

သင်တန်းကာလတွင်လည်း နှစ်ဦးသား ရန်းကန်ခဲ့ကြပြီး လက်ရှိနယ်ပယ် အသီးသီးတွင် ထိပ်တန်းနေရာရောက်လာကြရာ Lee Jung Jae မှာ ထိပ်တန်း အနုပညာရှင်ဖြစ်ပြီး Yoo Jae Suk မှာ ထိပ်တန်းပြည်သူ့အချစ်တော် MC ဖြစ်လာကာ ရသစုံရှိုးပရိုဂရမ် တစ်ခုကိုပင် ကိုယ်တိုင်ရိုက်ကူး၊ ထုတ်လုပ်၊ ဇာတ်ညွှန်းရေး၊ ဒါရိုက်တာအထိ လုပ်ကိုင်နေသည်။ SKY

## Beyonce က V အမြင့်သံ သီဆိုမှုကို ခံစား၍ မျက်ရည်ကျ

ကမ္ဘာကျော်အဆိုတော် Beyonce သည် BTS အဖွဲ့ဝင် V (ခေါ်) ကင်ထယ်ယောင်း၏ ဂီတ Layover သီချင်းအမြင့်သံကို ခံစားပြီး မျက်ရည်ကျခဲ့သည်ထိ ဖြစ်ခဲ့ရသည်ဟု ဟောလိဝုဒ် အတ်ဒိတ်တွင် ဖော်ပြသည်။

Beyonce သည် ဂီတကို နားလည်ခံစားတတ်ပြီး ကျွမ်းကျင်ပိုင်နိုင်သူလည်းဖြစ်ရာ BTSမှ V၏ ဂီတများကိုကြိုက်နှစ်သက်သူဖြစ်ပြီး နားထောင်လေ့ရှိရာမှ Layover ဂီတ၏ အမြင့်သံအပိုင်းကို နားထောင်၍ မျက်ရည်ကျခဲ့သည်ထိ ဖြစ်ခဲ့သည်။

Beyonce က V၏အမာခံပရိသတ်ဖြစ်ကာ V ကလည်း အနုပညာဆိုသည်မှာ စကားလုံးများကို ကျော်လွန်ပြီး အရာရာကို ဖြတ်သန်းခြင်းဖြင့် ရိုးရိုးရှင်းရှင်း




ဖော်ပြနိုင်ကာ စကားလုံးများထက် လုပ်ဆောင်ချက်နှင့် သက်သေပြသွားခြင်းဖြစ်သည်ဟု အနုပညာအပေါ် သူ့အမြင်ကို ဖော်ပြထား၍ Beyonce က V ၏ ဂီတအမြင့်သံကို ခံစားရာ၌ ပိုမိုလွန်ကျူးစွာ ခံစားခဲ့ခြင်း ဖြစ်သည်။ SKY

## f(x) မှ Suli ကို K Pop ကမ္ဘာနှင့် တိုက်ခိုက်သူဟု ဆို

K Pop f (x) အဖွဲ့ဝင် Suli သည် အဆိုတော်၊ သရုပ်ဆောင် တစ်ဦးဖြစ်ပြီး စိတ်ကျန်းမာရေး အကြောင်း၊ Cyber bulling အကြောင်း၊ အမျိုးသမီးအခွင့်အရေးအကြောင်း ပြောခဲ့၍ K Pop ကမ္ဘာကို တိုက်ခိုက်သူအဖြစ် သတ်မှတ်ခံရကာ အမုန်းပြောတတ်သည့် Suli သည် အသက် ၂၅နှစ်နှင့် လောကကို ကျောခိုင်းထွက်သွားခဲ့သည်ဟု ဆွန်ပီဝက်ဆိုက်တွင် ဖော်ပြသည်။

Suli (ခေါ်) ချွိုင်ဂျင်ရီသည် အသက်(၁၁)နှစ်နှင့် ဖျော်ဖြေရေးလောကဝင်ခဲ့ပြီး ၂၀၀၉ခုနှစ် အက်ဖ်အိပ်စ်နှင့် ပွဲဦးထွက်ကာ ဂီတပုံစံသစ်ကို ချပြခဲ့သူဖြစ်ပြီး နိုင်ငံတကာထိ ကျော်ကြားသော အဖွဲ့ဝင်ဖြစ်ခဲ့သည်။ ၂၀၁၄ခုနှစ်တွင် ဖျော်ဖြေရေးလောကမှ အနားယူကာ ၂၀၁၅ခုနှစ်တွင် အဖွဲ့မှ ထွက်၍ သရုပ်ဆောင်ခဲ့ကာ ၂၀၁၈ခုနှစ်တွင် Goblin သီချင်းနှင့် ပေါက်ထွက်ခဲ့သည်။

ပရိသတ်ဝေဖန်မှုများနှင့်အွန်လိုင်းတွင် တိုက်ခိုက်ခံရပြီး စိတ်ကျရောဂါပြင်းထန်စွာ ခံစားခဲ့ရကာ ၂၀၁၉ခုနှစ်အောက်တိုဘာ ၁၄ရက်တွင် ကြွေလွင့်ခဲ့သည့် အတွက် K Pop ကြယ်ပွင့်များသည် စိတ်ပိုင်းဆိုင်ရာပြဿနာများ ရင်ဆိုင်ရကာ နာကျင်စရာများနှင့် တိုက်ပွဲဝင်ရပြီး ဆက်လက်လုပ်ကိုင်ရခြင်းမှာ ကျော်ကြားမှုနှင့်ငွေအတွက်ဟု ကင်ဒေါင်ဝမ်က မှတ်ချက်ပေးခဲ့သည်။ SKY



## EXO အဖွဲ့ခေါင်းဆောင် Suho သရုပ်ဆောင်အဖြစ် ပြန်ရောက်လာ

EXO အဖွဲ့ခေါင်းဆောင် Suho သည် သင်တန်းပြီးဆုံးခဲ့၍ ဒရမ်မာသစ် ရိုက်ကူးရန်အတွက် စဉ်းစားနေသည်ဟု နယူးဝမ်းက အတည်ပြုပေးထား၍ ပရိသတ်များ Suho ကို သရုပ်ဆောင်အဖြစ် ပြန်ရောက်ရှိလာပြီဟု မျှော်လင့်နေကြသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားကို Ribbon ဟု အမည်ပေးထားပြီး ဒါရိုက်တာ လီဒေါင်ယွန်၊ ဇာတ်ညွှန်းဟန်အန်ရှန်တို့က ဖန်တီးထားသည့် သည်းထိပ်ရင်ဖိုဇာတ်လမ်း အမျိုးအစား အတိတ်ဘဝကို သတိရနေကြသူများအကြောင်း ဖြစ်သည်။

ယင်းဇာတ်ကားတွင် မင်းသား ဖြောင်ယူဟန်၊မင်းသမီး အီဆွန်တို့ အစိက ပါဝင်ထားကာ ဆူဟိုလည်း အတူ ပါဝင်ရန် စဉ်းစားနေသည်ဟု ဖော်ပြထား၍ အဆိုတော် ဆူဟိုကို သရုပ်ဆောင်အဖြစ် ပြန်လည်တွေ့ရှိရမည် ဖြစ်သည်။ SKY



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## တရုတ်နိုင်ငံ၏ အငြိမ်းစားယူရမည့် အသက်အရွယ်ကို ၆၀ နှစ်မှ ၆၃ နှစ်သို့ ပြောင်းလဲအတည်ပြု သတ်မှတ်လိုက်ပြီ

**ပေကျင်း စက်တင်ဘာ ၁၄**

တရုတ်နိုင်ငံ၏ အငြိမ်းစားယူရမည့် အသက်အရွယ်ကို ၆၀ နှစ်မှ ၆၃ နှစ်သို့ ပြောင်းလဲအတည်ပြု သတ်မှတ်လိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ယင်းအသက်အရွယ်ပြောင်းလဲသတ်မှတ်ချက်သည် အမျိုးသားများအတွက်ဖြစ်ပြီး ရုံးဝန်ထမ်းအလုပ်လုပ်ကိုင်သည့် အမျိုးသမီးများ၏ အငြိမ်းစားယူရမည့် အသက်အရွယ်ကို ၅၅ နှစ်မှ ၅၈ နှစ်အထိလည်းကောင်း၊ စက်ရုံအလုပ်ရုံဝန်ထမ်းအလုပ်လုပ်ကိုင်သည့် အမျိုးသမီးများ၏ အငြိမ်းစားယူရမည့် အသက်အရွယ်ကို ၅၀ နှစ်မှ ၅၅ နှစ်အထိလည်းကောင်း တိုးမြှင့်သတ်မှတ်ခဲ့သည်။

စက်တင်ဘာ ၁၃ ရက်တွင် တရုတ်ဥပဒေပြုလွှတ်တော်က အဆိုပါအသက်အရွယ်ပြောင်းလဲသတ်မှတ်ချက်ကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။

ထိုပြဋ္ဌာန်းချက်သည် လာမည့် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်အကျိုးသက်ရောက်မည်ဖြစ်ကြောင်း တရုတ်အခြေစိုက်အစိုးရသတင်းဌာနများက ဖော်ပြသည်။

တရုတ်နိုင်ငံ၌ အလုပ်သမားများနှင့် ရုံးဝန်ထမ်းများ အငြိမ်းစားယူရမည့် အသက်အရွယ်ကို ၁၉၅၀ ပြည့်နှစ်နောက်ပိုင်းတွင် တဖြည်းဖြည်းတိုးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**





## နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ကောင်စီက လမ်းဘေးလောင်စာဆီကြော်ငြာ တားမြစ်မည်


**အမ်စတာဒမ် စက်တင်ဘာ ၁၄**

နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ကောင်စီက မြို့တွင်း လမ်းဘေးလောင်စာဆီကြော်ငြာ တားမြစ်သွားမည်ဟု စက်တင်ဘာ ၁၂ ရက်က ဆုံးဖြတ်ချက်ချလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ရုပ်ကြွင်းလောင်စာဟုခေါ်ဆိုသော ရေနံအခြေပြု ဓာတ်ဆီ၊ ဒီဇယ်နှင့် အခြားလောင်စာဆီများ သုံးစွဲနေခြင်းကို ရပ်တန့်စေရန် ကမ္ဘာတစ်ဝန်းရှိ မြို့ကြီးများတွင် ထိုလောင်စာဆီများနှင့် သက်ဆိုင်သော ကြော်ငြာဆိုင်းဘုတ်များကို ယခုနောက်ပိုင်းတွင် ပိတ်ပင်ကန့်သတ်လာခဲ့ကြသည်။

ထိုမြို့များနည်းတူ သည်ဟိတ်ဂ်မြို့တွင်လည်း ရေနံအခြေပြု ရုပ်ကြွင်းလောင်စာကို ကန့်ကွက်သည့်အနေဖြင့် ပထမအဆင့်တွင် ကြော်ငြာများကို ပိတ်ပင်တားမြစ်သွားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု မြို့ကောင်စီ ပြောခွင့်ရသူက ရှင်းပြသည်။

ကမ္ဘာ့ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုဆိုးကျိုးဖြစ်ပေါ်စေနိုင်သော ရုပ်ကြွင်းလောင်စာသုံးစွဲမှုကို လျှော့ချရာမှ ရပ်တန့်သည်အထိ ဆက်လက်လုပ်ဆောင်သွားမှ တစ်ကမ္ဘာလုံး၏ အနာဂတ်ပိုမိုကောင်းမွန်လာစေမည်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ပြောကြားခဲ့ဖူးကြောင်း သိရသည်။ **Mon**



## ဒဏ်ငွေ ဒေါ်လာ သုံးသန်းကျော် လက်ခံရယူပြီးနောက် အိတ်ခ်စ်နှင့် စတားလင့်ခ်ဘဏ်စာရင်းများ ပြန်ဖွင့်ပေး

**ဘရာဇီးလ်ယား စက်တင်ဘာ ၁၄**

ဘရာဇီးအစိုးရဘက်က ဒဏ်ငွေ ဒေါ်လာ သုံးသန်းကျော် လက်ခံရယူပြီးနောက် စက်တင်ဘာ ၁၃ ရက်က အိတ်ခ်စ်နှင့် စတားလင့်ခ်ဘဏ်စာရင်းများ ပြန်ဖွင့်ပေးလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ပိုင်ရှင်သန်းကြွယ်သူဌေး အီလွန်မတ်စ်က ဘရာဇီးအစိုးရထံ ဒဏ်ငွေပေးဆောင်ရန် ဆုံးဖြတ်ခဲ့ပြီးနောက် ယာယီပိတ်ထားသော အိတ်ခ်စ်ဘဏ်ငွေစာရင်းထဲမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ သန်းကိုလည်းကောင်း၊ စတားလင့်ခ်ဘဏ်ငွေစာရင်းထဲမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ သန်းကိုလည်းကောင်း လွှဲပြောင်းပေးခဲ့သည်။

ထိုသို့ လွှဲပြောင်းပေးပြီးနောက် ဘရာဇီးတရားရုံးချုပ် တရားသူကြီး အလက်ဇန်းဒရေဒီမိုရတ်စ်က အဆိုပါဘဏ်ငွေစာရင်းကို ပြန်ဖွင့်ပေးစေဟု အမိန့်ချမှတ်ခဲ့သည်။

ထိုတရားသူကြီးသည် အီလွန်မတ်စ်၏ အိတ်ခ်စ်လူမှုကွန်ရက်ကို ဘရာဇီးနိုင်ငံ၏ တရားဥပဒေနှင့် ကိုက်ညီခြင်းမရှိဟု အကြောင်းပြကာ ပိတ်ပင်တားမြစ်မိန့်ထုတ်ပြန်ခဲ့သူဖြစ်ကြောင်း သိရသည်။ **Mon**

## ကမ္ဘောဒီးယားနိုင်ငံမှ လုပ်ငန်းရှင် လိုင်ယုံဖတ် အမေရိကန်၏ ပိတ်ဆို့အရေးယူခြင်းခံရ

**ဖနွမ်းပင် စက်တင်ဘာ ၁၄**

ကမ္ဘောဒီးယားနိုင်ငံမှ လုပ်ငန်းရှင် လိုင်ယုံဖတ် အမေရိကန်အစိုးရ၏ ပိတ်ဆို့အရေးယူခြင်းခံရသဖြင့် တရားမျှတမှုမရှိဟု ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက စက်တင်ဘာ ၁၃ ရက်တွင် ထုတ်ပြန်ကြေညာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယင်းလုပ်ငန်းရှင်သူဌေး၏ အယ်လ်ဝိုင်ပီလုပ်ငန်းစုကုမ္ပဏီကို အမေရိကန်ဘက်က အဓိကပိတ်ဆို့အရေးယူလိုက်ခြင်းဖြစ်သည်။

လိုင်ယုံဖတ်သည် ၂၀၂၂ ခုနှစ်က ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟောင်း ဟွန်ဆန်၏ ပုဂ္ဂိုလ်ရေးအကြံပေးအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့ဖူးကြောင်း သိရသည်။ **Mon**





ထိုင်းနိုင်ငံ၌ လူချစ်လူခင်ပေါများနေသော ပတ္တယားမြို့အနီးရှိ ခေါင်းခူးတိရစ္ဆာန်ရုံမှ နှစ်လသားအရွယ် ရေမြင်းလေးမူဒင်းကို တွေ့ရစဉ်။ **Mon**

## ကိုလံဘီယာနိုင်ငံ၏ အမျိုးသားစီးပွားရေးကောင်းမွန် ဒုတိယလေးလအတွင်း ၄ ရာခိုင်နှုန်းကျော် တိုးတက်

**ကိုလံဘို စက်တင်ဘာ ၁၄**

ယခုနှစ်တွင် သီရိလင်္ကာနိုင်ငံ၏ အမျိုးသားစီးပွားရေးကောင်းမွန်လာခဲ့ရာမှ ဒုတိယလေးလအတွင်း ၄ ရာခိုင်နှုန်းကျော် တိုးတက်မှုရှိခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

စိုက်ပျိုးရေးထုတ်ကုန်တင်ပို့ရောင်းချမှုကဏ္ဍတွင် ယမန်နှစ်ကထက် ၁ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာပြီး ဧပြီလမှ ဇွန်လအထိ ဝန်ဆောင်မှုကဏ္ဍတွင် ၂ ဒသမ ၅ ရာခိုင်နှုန်း ဖွံ့ဖြိုးလာခဲ့ကြောင်း သီရိလင်္ကာအစိုးရစာရင်းအင်းဌာနက ဖော်ပြသည်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က အမေရိကန်ဒေါ်လာ သန်း ၂၉၀၀ ထုတ်ချေးပေးခဲ့ပြီးနောက် သီရိလင်္ကာနိုင်ငံ၏ ယိမ်းယိုင်နေသော စီးပွားရေးအခြေအနေ ပြန်လည်ကောင်းမွန်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

၀-၀-၀-၀-၀



## ဥပရောပအလယ်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်း၊ ချက်နိုင်ငံ ပရာ့ဂ်မြို့၌ ရေကြီးမည်ဟု သတိပေး

**ပရာ့ဂ် စက်တင်ဘာ ၁၄**

စက်တင်ဘာလ ဒုတိယအပတ် မတိုင်မီ ဥရောပအလယ်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ချက်နိုင်ငံ ပရာ့ဂ်မြို့၌ ရေကြီးမည်ဟု မိုးလေဝသပညာရှင်များ ကြိုတင်သတိပေးထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ချက်နိုင်ငံ အရှေ့ပိုင်းဒေသအချို့တွင် စက်တင်ဘာ ၁၂ ရက်မှစ၍ မိုးရေချိန်လွန်ကဲစွာ ရွာသွန်းခဲ့သည်ဟု မိုးလေဝသစခန်းများက ထုတ်ပြန်ကြေညာသည်။

နှစ်ပေါင်း ၁၀၀ ခန့်အတွင်း အဆိုးရွားဆုံးဖြစ်သော ရေဘေးကို ကြုံတွေ့ရမည်ဖြစ်သဖြင့် မြေအနိမ့်ပိုင်းဒေသများတွင် အဘက်ဘက်က ကြိုတင်ပြင်ဆင်ရှောင်တိမ်းကြရန် ချက်ဝန်ကြီးချုပ် ပီတာဖီယာလာက ရုပ်မြင်သံကြားမှတစ်ဆင့် တစ်နိုင်ငံလုံးကို သတိပေးခဲ့သည်။



ဂျာမနီနိုင်ငံတောင်ပိုင်း၊ ဩစတြီးယားနိုင်ငံ အနှံ့အပြား၊ ပိုလန်နိုင်ငံနှင့် ဆလိုဗေးကီးယားနိုင်ငံတို့တွင် လာမည့်ရက်ပိုင်းအတွင်း မိုးသည်းထန်ကာရေကြီးမှုဖြစ်ပွားလာနိုင်သည်ဟု ဥရောပမိုးလေဝသပညာရှင်များ တွက်ချက်ခန့်မှန်းထားကြောင်း သိရသည်။ **Mon**

○ ရှေ့ဖုံးမှ

အစည်းအဝေးသို့ အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးမျိုးသန့်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဒေါက်တာစိုးဝင်း၊ ဦးမင်းနောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုများကြောင့် ပျက်စီးမှုများနှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ချောင်းရေများ ရုတ်ချည်းမြင့်တက်

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက နယ်မြေအတွင်း ဗီယက်နမ်နိုင်ငံ ဟိုင်ဖုန်းမြို့အနီးမှ ဝင်ရောက်ခဲ့သည့် ရာဂီမုန်တိုင်း၏ နောက်ဆက်တွဲ ကြွင်းကျန် မိုးတိမ်တိုက်များကြောင့် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံအပါအဝင် မြန်မာနိုင်ငံ၏နိုင်ငံတစ်ဝန်းနီးပါး မိုးသည်းထန်စွာရက်ဆက်ရွာသွန်းခဲ့သဖြင့် ချောင်းရေ၊ မြစ်ရေများ ရုတ်တရက်မြင့်တက်၍ ရေကြီးရေလျှံမှုဖြစ်ပေါ်ခြင်း၊ မြေသားနုံးပြီး မြေပြိုခြင်း၊ တောင်ကျချောင်းရေများ ရုတ်ချည်းစီးဆင်းခြင်းများ ဖြစ်ခဲ့ရာ စက်တင်ဘာ ၉ ရက် ညပိုင်းမှ ၁၁ ရက်နံနက်ပိုင်းအတွင်းနေပြည်တော်ကောင်စီ၏ မြို့နယ်ရှစ်မြို့နယ်အနက် တပ်ကုန်းမြို့နယ်မှစ၍ ပုဗ္ဗသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့အတွင်း စီးဆင်းလျက်ရှိသည့် ဆင်သေချောင်းမှတစ်ဆင့် ချောင်းရေများ ရုတ်ချည်းမြင့်တက်လျက် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ဆင်သေချောင်းအတွင်းသို့ နဝင်းချောင်း၊ မုန်ချောင်းနှင့် ကင်းသာချောင်း သုံးချောင်း၏ ချောင်းရေများသည် စက်တင်ဘာ ၉ ရက် တစ်ညအတွင်း မိုးရေချိန် ၁၁ လက်မအထိ ရွာသွန်းခဲ့သဖြင့် တောင်ကျရေနှင့် မြေပြိုမှုများမှ တစ်ဆင့်အရှိန်အဟုန်ဖြင့် တိုက်စားမှုများ ဖြစ်ပေါ်ခဲ့ခြင်း၊ ၎င်းမှ ကျန်မြို့နယ်လေးမြို့နယ်တို့ တစ်ဆင့်ပြီးတစ်ဆင့် ရောက်ရှိပြီး ရေလျှံမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ စက်တင်ဘာ ၁၀ ရက်တွင် တပ်ကုန်းမြို့မှ အရှေ့ဘက် ၁၄ မိုင်အကွာ တောင်ခြေအထိသည့်ရေပြင်ဖုံးလွှမ်းလျက် ခရိုင်ချင်းဆက်လမ်းများ၊ ကျေးရွာချင်းဆက် လမ်းများအထက် ၁၀ ပေမှ ၁၄ ပေခန့် မြင့်တက်လျက်ရှိ၍ ကယ်ဆယ်ရေးအဖွဲ့များက အသက်ကယ်စက်လှေများဖြင့် ခက်ခက်ခဲခဲ ကူညီကယ်ဆယ်ရေးဆောင်ရွက်လျက် ရေလွတ်ရာသို့ ပို့ဆောင်ခြင်းများ ဆောင်ရွက်ခဲ့ရကြောင်း။

### ၄၂ ဦးသေဆုံး

သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များမှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့ခွဲများနှင့် လူမှုရေးအသင်းအဖွဲ့များမှလည်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံချက်ပါအတိုင်း ကူညီကယ်ဆယ်ရေးအား အချိန်နှင့်တစ်ပြေးညီ ခက်ခက်ခဲခဲဆောင်ရွက်ခဲ့ရကြောင်း၊ စက်တင်ဘာ ၁၁ ရက် ညနေပိုင်းမှစ၍ တပ်ကုန်းမြို့နယ်မှတစ်ဆင့် ဆင်သေချောင်းရေ ကျဆင်းခဲ့ရာ စက်တင်ဘာ ၁၂ ရက်နေ့လယ်ပိုင်းမှစ၍ ပျက်စီးခဲ့သည့် လမ်း/တံတား/အဆောက်အအုံများ၊ အမှိုက်သရိုက်များ စတင်၍ ရှင်းလင်းနိုင်ပြီဖြစ်ကြောင်း၊ လက်ရှိအချိန်အထိ ကောက်ယူရရှိသည့် စာရင်းဇယားအရ ၄၂ ဦး သေဆုံးပြီး အိမ်ပေါင်း ၃၃ လုံး ရေမျောပါခြင်း၊ ရေမြုပ်အဆောက်အအုံ ၃၈၁၉ လုံး အပါအဝင် ပျက်စီးမှုများကို စတင်၍ သန့်ရှင်းရေးပြုလုပ်ခြင်း၊ ကြွင်းကျန်ရေဘေးသင့်သူများ ဆက်လက်ရှာဖွေကယ်ဆယ်ခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေပြီ ဖြစ်ကြောင်း၊ ရုတ်ချည်းချောင်းရေ မြင့်တက်လာမှုကြောင့် သဘာဝဘေးအန္တရာယ်သင့်သည့် လူဦးရေ ၂၅၀၀၀ ခန့် အား နီးစပ်ရာဘုန်းတော်ကြီးကျောင်းများ အပါအဝင် ကယ်ဆယ်ရေးစခန်း ၈၂ ခု ဖွင့်လှစ်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)နှင့်(၂)၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် လက်တလော ဆောင်ရွက်ချက်များ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် လုပ်ငန်းအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နဝင်းချောင်း ယာယီဘေလီတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ရှင်းလင်းတင်ပြမှုများအပေါ် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်အပါအဝင် နေပြည်တော်ကောင်စီနယ်မြေအတွင်း သက်ကြီးရွယ်အိုရေးမီနောက်မီ အဘိုးအဘွားတို့က ၎င်းတို့၏ သက်တမ်းတစ်လျှောက် ယခုကဲ့သို့ ရုတ်ချည်းရေကြီးရေလျှံမှု၊ ရေလွှမ်းမိုးမှုများနှင့် မိုးသည်းထန်စွာရွာသွန်းမှုများကို မကြုံခဲ့ဖူးဟု သိရပါကြောင်း၊ ယခုဖြစ်ပွားမှုသည် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတု ဖောက်ပြန် ပြောင်းလဲမှု၏ လက်တွေ့ဖြစ်စဉ်ဖြစ်ရပ်များ ဖြစ်ကြောင်း၊ သို့ရာတွင် မိမိတို့နိုင်ငံတွင် ၂၀၂၃ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်းမိုခါ၏ အတွေ့အကြုံ၊ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း အတွေ့အကြုံတို့အရ

စာမျက်နှာ ၃ သို့ ○

## မန်ယူနှင့် မန်စီးတီးတို့ နိုင်ပွဲကိုယ်စီရယူနိုင်ခဲ့၊ လီဗာပူးတို့ ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရ

ပရီးမီးယားလိဂ်ပွဲစဉ်(၄) အဖြစ် စက်တင်ဘာ ၁၄ရက် မြန်မာစံတော်ချိန် ညနေ ၆နာရီက ဆောက်သမ်တန်အသင်းနှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန်ယူအသင်းက ဆောက်သမ်တန်အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် ဂိုးပြတ်နိုင်ပွဲ ရယူနိုင်ခဲ့သည်။

မန်ယူအသင်း ယခုလို နိုင်ပွဲရယူနိုင်ခဲ့မှုကြောင့် နည်းပြ တန်ဟက်ဂ်လည်း အသင်းနည်းပြအဖြစ် ထုတ်ပယ်ခံရမည့် အရေးမှ လွတ်မြောက်ခဲ့ရသည်။

ယခုပွဲစဉ်တွင် မန်ယူအသင်းသည် ဆောက်သမ်တန်အသင်းအား ခြေစွမ်းအသာဖြင့် ယှဉ်ပြိုင်ကစားကာ သုံးဂိုးပြတ်ဖြင့် နိုင်ပွဲရယူခဲ့သည်။ မန်ယူအသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၃၅မိနစ်တွင် ဒီလစ်၊ ပွဲချိန် ၄၁ မိနစ်တွင် ရက်ပ်ဖို့ဒ်၊ ပွဲချိန် (၉၀+၆)မိနစ်တွင် ဂါနာချိုတို့က အသီးသီး သွင်းယူပေးခဲ့သည်။

အခြားပွဲစဉ်အဖြစ် ယနေ့မြန်မာစံတော်ချိန် ည ၈နာရီ ၃၀ မိနစ်က မန်စီးတီးအသင်းနှင့် ဘရန့်ဖို့ဒ်အသင်းတို့ ပွဲစဉ်တွင်လည်း မန်စီးတီးအသင်းက ဘရန့်ဖို့ဒ် အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရယူနိုင်ခဲ့သည်။

မန်စီးတီးအသင်းအတွက် သွင်းဂိုး နှစ်ဂိုးကို ပွဲချိန် ၁၉မိနစ်နှင့် ၃၂မိနစ်တွင် ဟာလန်းက သွင်းယူပေးခဲ့သည်။

မန်စီးတီးအသင်းသည် ပရီးမီးယားလိဂ် ပွဲစဉ်(၄)ပွဲကစားအပြီးတွင် လေးပွဲစလုံးအနိုင်ရရှိကာ အမှတ်ပေးဇယားအား ဦးဆောင်ထားနိုင်ခဲ့သည်။

ဆက်လက်၍ လီဗာပူးအသင်းနှင့် နော်တင်ဟမ်အသင်းတို့ ပွဲစဉ်တွင်လည်း လီဗာပူးအသင်းက နော်တင်ဟမ်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အံ့အားသင့်ဖွယ် ရှုံးနိမ့်ခဲ့သည်။

ပွဲချိန်တူညီစွာ ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်များတွင်လည်း ဘရိုက်တန်အသင်းနှင့် အစ်ဆွစ်ချ်အသင်းက ဂိုးမရှိသရေရလဒ်ဖြင့်လည်းကောင်း၊ ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် လက်စတာအသင်းက တစ်ဖက်နှစ်ဂိုးစီဖြင့်လည်းကောင်း၊ ဖူလ်ဟမ်အသင်းနှင့် ဝက်စ်ဟမ်းအသင်းက တစ်ဖက်တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ကြကြောင်း သိရသည်။ (NGB)

